**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)**
**ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်**
**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လ၊ ၃၀ ရက်**

**ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်**
**အရပ်ရပ်အခွင့်အရေးလိုင်စင်များအားလုံးအတွက် အထွေထွေစည်းကမ်းချက်များ**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ် / အညီအမျှခွဲဝေချထားပေးခြင်းစနစ် / ဈေးပြိုင်စနစ် အရ လေလံတင်ရောင်းချခြင်းတို့နှင့်ပတ်သက်၍ လေလံဆွဲဝယ်လုပ်ကိုင်သူများ သိရှိလိုက်နာ ဆောင်ရွက်ရမည့် အခွင့်အရေးလိုင်စင်အားလုံးအတွက် လိုင်စင်စည်းကမ်းနှင့် လုပ်ငန်းလိုင်စင် အထွေထွေစည်းကမ်းချက် များကို အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းလိုက်သည် -

၁။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် (၂၀၂၃ ခု ဧပြီလမှ ၂၀၂၄ ခု မတ်လအထိ (၁)နှစ်တာကာလ) အတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် အခွင့်အရေးလိုင်စင်များအား လေလံဆွဲဝယ်လိုသူသည် အောက်ပါအချက်များဖြင့် ညီညွတ်သူဖြစ်ရမည် -

(က) အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) အမှုအခင်းနှင့်ပြဿနာများကင်းရှင်းသူဖြစ်ရမည်၊
(ဂ) အခွန်ကြွေးကျန်ကင်းရှင်းသူဖြစ်ရမည်၊

၂။ အောက်ပါပုဂ္ဂိုလ်များအား အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်ခွင့်ပြုမည် မဟုတ်ပါ -

(က) အခွင့်အရေးလိုင်စင်နှင့်ပတ်သက်၍ နာမည်ပျက်စာရင်းဝင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊
(ခ) ဤစည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများ တင်ပြနိုင်ခြင်း မရှိသူများ၊
(ဂ) အထူးကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် လွှဲအပ်တင်ပြ၍ လူကိုယ်တိုင် လာရောက်ဆွဲဝယ်ခြင်း မပြုသူများ၊

၃။ သက်တမ်းတိုးစနစ် / အညီအမျှခွဲဝေချထားပေးခြင်းစနစ် / ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည့် အခွင့်အရေးလိုင်စင်များ နှင့်စပ်လျဉ်း၍ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူသည် လိုင်စင်လျှောက်လွှာကို မှန်ကန်စွာ ရေးသားဖော်ပြ၍ ပူးတွဲပါရှိရမည့် သတ်မှတ်ထားသော အချက်အလက် အထောက်အထားများ( နိုင်ငံသားစိစစ်ရေးကဒ်(မိတ္တူ)၊အခွန်၊အခများကင်းရှင်းကြောင်းထောက်ခံချက်၊ လဝက အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)၊

စားပွဲတင်အာမခံငွေပေးသွင်းထားသည့် အထောက်အထား၊ ငွေထုတ်ယူခွင့်အမိန့် (POP) (Payment Order Private) စသည့် ပြည့်စုံစွာဖြင့် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အချိန်မီတင်သွင်းရမည်။ အရှုပ်အရှင်း အပေါင်အနှံ ကင်းရှင်းသည့် သက်ဆိုင်ရာ လိုင်စင်ကြမ်းခင်းဈေး တန်ဖိုးထက်လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ ( အဆောက်အဦး / အိမ် / မြေ) နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား မူရင်းများ၊ အိမ် / မြေ / ဂရမ် စသည့် မူရင်းအထောက်အထားများ၊ အလားလေးဘက် ဓါတ်ပုံ (၄) ပုံ၊ စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စီစစ်ထောက်ခံချက် သို့မဟုတ် ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ်မူရင်း စသည့်စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံစွာ သတ်မှတ်ထားသည့် နည်းလမ်းများ အတိုင်း အချိန်မီတင်သွင်းရမည်။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက် တင်ပြရမည်။

၄။ အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်မည့်သူများသည် မြို့နယ်ပြင်ပမှဖြစ်ပါက ယင်းသို့နေထိုင်ကြောင်း၊ အိမ်ထောင်စုလူဦးရေ လဝကပုံစံ (၆၆/၆) မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ နိုင်ငံသားစီစစ်ရေးကဒ်မူရင်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ အရှုပ်အရှင်းအပေါင်အနှံကင်းရှင်းသည့် သက်ဆိုင်ရာ လိုင်စင်ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်းမရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး / အိမ် / မြေ) နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ (အိမ် / မြေ / ဂရမ်) စသည့် မူရင်းအထောက်အထားများ၊ အလားလေးဘက်ဓါတ်ပုံ (၄)ပုံ၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စီစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက် နှင့်အတူ ပူးတွဲတင်ပြရမည် သို့မဟုတ် ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ်မူရင်းစသည့် စာရွက်စာတမ်း အထောက်အထားများကိုတင်ပြရမည်။ သက်ဆိုင်ရာရဲစခန်းမှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တင်ပြရမည်။

၅။ အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချရာတွင် လိုင်စင်ဆွဲဝယ်မည့်သူ ကိုယ်တိုင် (ကိုယ်တိုင်) လာရောက်ရမည်။ လိုင်စင်ဆွဲဝယ်ရရှိပါက လိုင်စင်ကြေးငွေများကို လိုင်စင်ရရှိသူ ကိုယ်တိုင် (ကိုယ်တိုင်) ဘဏ်သို့ ပေးသွင်းရမည်။ လိုင်စင်ဆွဲဝယ်ရာတွင် အဖွဲ့လျှောက်လွှာ တင်သွင်းသူကိုသာ လိုင်စင်ဝင်ရောက်ယှဉ်ပြိုင်ဆွဲဝယ်ခွင့်ပြုမည်။ ကိုယ်စားလှယ်ဖြင့် လာရောက်ယှဉ်ပြိုင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

၆။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူသည် ကိုယ်တိုင်ဆောင်ရွက်သူ သို့မဟုတ် ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်နိုင်သူဖြစ်ရမည်။ လိုင်စင်ဆွဲဝယ်ရာတွင် အဖွဲ့အစည်းအမည်ဖြင့် ဆောင်ရွက်မည်ဆိုပါက တရားဝင်ဆွဲဝယ်မည့်သူ လူပုဂ္ဂိုလ်တစ်ဦး၏ အမည်ဖြင့်သာ ဆွဲဝယ်ရမည်။ ထိုသို့အမည်တင်သွင်းသူသည် ကိုယ်တိုင်လာရောက် ဆွဲဝယ်သူဖြစ်ရမည်။ အထူးကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် လွှဲအပ်တင်ပြခြင်းမျိုးကို လက်ခံမည်မဟုတ်ပါ။

၇။ လိုင်စင်ဆွဲဝယ်သူသည် လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာအား သတ်မှတ်ထားသည့် လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။ လျှောက်လွှာတင်သွင်းသည်နှင့်တစ်ပြိုင်နက်တည်း လုပ်ငန်းလိုင်စင်အလိုက် သတ်မှတ်ကြမ်းခင်းဈေး ၏ ၅၀% ဖြစ်သည့် စားပွဲတင်အာမခံငွေကို မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်မှ သတ်မှတ်သည့်

အတိုင်းပေးသွင်း၍ ပေးသွင်းသည့် အထောက်အထားကို အဖွဲ့ရုံးသို့ အပ်နှံထားရမည့်အပြင် ၄င်းငွေအတိုင်း အမှုဆောင်အရာရှိ၊ ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် (Payment Order/Private) ကိုပါ တစ်ပါတည်းတင်သွင်းထားရမည်။

၈။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်ရာတွင် လိုင်စင်ဆွဲဝယ်သူများ ထိခိုက်နစ်နာမှု မရှိစေရန်အတွက် လိုင်စင်စည်းကမ်း နှင့်ညီညွတ်ခြင်းမရှိသည့် နည်းမျိုးစုံဖြင့် ယှဉ်ပြိုင်ရောင်းချသူများ၊ အသားခိုးပေါ်ရောင်းချသူများအား မည်သည့် အခွင့်အရေးလိုင်စင်ကိုမှ လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။

၉။ လိုင်စင်ဆွဲဝယ်သူသည် လိုင်စင်မဆွဲဝယ်မီ သက်ဆိုင်ရာ လိုင်စင်စည်းကမ်း၊ အထွေထွေလိုင်စင်စည်းကမ်းများအား ဖတ်ရှုသိရှိနားလည်ကြောင်းနှင့် စည်းကမ်းဖောက်ဖျက်ကျူးလွန်ပါက လိုင်စင်အတွက် ပေးသွင်းထားသည့် ကြမ်းခင်းဈေး (၅၀%) စားပွဲတင်အာမခံငွေ သိမ်းယူခြင်းခံရမည်ကိုသိရှိကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။ လေလံဆွဲဝယ်သူသည် လေလံပွဲတွင် စည်းကမ်းဖောက်ဖျက်မှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ဘဏ်သွင်းထားသော ကြမ်းခင်းဈေး၏ ၅၀% စားပွဲတင်အာမခံငွေများအား သိမ်းယူပြီး အမည်ပျက်စာရင်း ကြေညာခြင်း ခံရမည်ဖြစ်ပါသည်။ ဘဏ်သို့ငွေပေးသွင်းပြီးနောက် ဝင်ရောက်၍ ယှဉ်ပြိုင်ဆွဲဝယ်ခြင်းမပြုပါက ဘဏ်သို့ပေးသွင်းထားသောငွေကို အဖွဲ့ရန်ပုံငွေအဖြစ် သိမ်းယူခြင်းခံရမည်။

၁၀။ လေလံရောင်းချသည့်အခါ လေလံဆွဲဝယ်သူအချင်းချင်း ညှိနှိုင်းအပေးအယူလုပ်သည့်အတွက် လေလံဈေးနှုန်းများ ရသင့်ရထိုက်သည့် ဈေးနှုန်းအထိမရရှိပါက လေလံတင်ရောင်းချရန် ပယ်ဖျက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းများကို ဆောင်ရွက်မည်။ ထို့အပြင် လေလံဆွဲဝယ်သူ အချင်းချင်း ညှိနှိုင်းဈေး (ပန်းကြေး) ရယူသည်ဟု စစ်ဆေးတွေ့ရှိပေါ်ပေါက်ပါက ပန်းကြေး ရယူ၍ ဝင်ရောက် နှောက်ယှက်သူ တင်သွင်းထားသော စားပွဲတင်အာမခံငွေ၊ လေလံကြေးငွေစသည့် အခွန်ငွေများကို အဖွဲ့ပိုင်ငွေအဖြစ်သိမ်းယူ၍ အမည်ပျက်စာရင်း ကြေညာခြင်းခံရမည်ဖြစ်ပြီး လိုင်စင်အား လေလံပြန်လည်ရောင်းချခြင်းခံရမည်။

၁၁။ လိုင်စင်ဆွဲဝယ်ခွင့် လျှောက်လွှာတင်သွင်းပြီးနောက် လိုင်စင်ယှဉ်ပြိုင်ရန်အတွက် လိုင်စင်ခန်းမအတွင်း ဝင်ရောက်ခြင်း မရှိသူများအားလည်းကောင်း၊ အခွင့်အရေးလိုင်စင်များ ရောင်းချသည့် လေလံခန်းမအတွင်း လေလံတစ်ခုချင်းစီအား ထပ်တိုးသည့်လိုင်စင်ကြေးအထိ (၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ စားပွဲတင်အာမခံငွေအား အဖွဲ့ပိုင်ငွေအဖြစ်သိမ်းယူပြီး အမည်ပျက်စာရင်းကြေညာခြင်းခံရမည်။ လိုင်စင်ရောင်းချနေစဉ် ကြိမ်ခေါ်ဈေးနှုန်းတစ်ကြိမ်နှင့် တစ်ကြိမ်ကြားကို လိုင်စင်ရောင်းချရေးအဖွဲ့မှ သတ်မှတ်သည့် နှုန်းအတိုင်း တိုး၍တင်သွင်းရမည်။ လိုက်နာခြင်းမရှိက လိုင်စင်စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်။

၁၂။ လိုင်စင်မအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လေလံပွဲပြီးဆုံးပြီး (၁၀) ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ လိုင်စင်အောင်မြင်သူများ၏ အာမခံငွေအပ်ငွေ ၁၀ပုံ ၁ပုံအား သက်ဆိုင်ရာ ငွေစာရင်းခေါင်းစဉ်တွင် ပေးသွင်း၍ လေလံကြေး ၅ပုံ၁ပုံ (သို့မဟုတ်) အကြေ (သို့မဟုတ်) တိုင်းဒေသကြီးပြင်ပ ၅၀% တို့အား ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် (၇.၄.၂၀၂၃) ရက်နေ့နောက်ဆုံးထားပေးသွင်းရမည်။

၁၃။ လိုင်စင်ဆွဲဝယ်ရရှိသူသည် မိမိဆွဲဝယ်ရရှိသည့် အခွင့်အရေးလိုင်စင်အတွက် လေလံလိုင်စင်ကြေးငွေများအားလုံးကို တစ်ကြိမ်တည်း အပြေအကြေပေးသွင်းပါက မရွှေ့မပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်မှုလုပ်ငန်း အာမခံ ပစ္စည်းများအဖြစ် တင်သွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုမည်။ သို့ရာတွင် လေလံတန်ဘိုး၏ ၁၀% အာမခံငွေကို သက်ဆိုင်ရာ အခွင့်အရေးလေလံ လုပ်ကိုင်သည့် ကာလကုန်ဆုံးပြီးနောက်မှသာ ပြန်လည်ထုတ်ပေးမည် ဖြစ်သည်။

၁၄။ သာမန်အားဖြင့် ဈေးပြိုင်စနစ်ဖြင့် လိုင်စင်ရောင်းချရာတွင် အများဆုံး လိုင်စင်ကြေးပေးနိုင်သူကိုသာ လိုင်စင်ချထားပေးမည်။ အချို့သော ကိစ္စရပ်များတွင် အများဆုံးလိုင်စင်ကြေးပေးနိုင်သူကို မှတ်တမ်းထားရှိ၍ လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။ ထို့အပြင် ရောက်ရှိဆဲအမြင့်ဆုံး လိုင်စင်ကြေးပေးငွေ၏ ၅၀% ကိုငွေသားတင်ပြရန် လေလံရောင်းချရေးအဖွဲ့က တောင်းဆိုပါက ဆွဲဝယ်သူက တင်ပြနိုင်ရမည်။ တင်ပြခြင်းမပြုနိုင်ပါက တမင်သက်သက် လေလံပွဲပျက်ပြားအောင် ဆောင်ရွက်သည်ဟုမှတ်ယူ၍ တင်သွင်းထားသည့် စားပွဲတင်အာမခံငွေကို သိမ်းယူခြင်းခံရမည်ဖြစ်သည်။ လေလံရောင်းချရေးအဖွဲ့မှ သံသယဖြစ်ဖွယ်တွေ့ရှိရပါက အကြောင်းပြချက် တစ်စုံတစ်ရာဖော်ပြခြင်းမပြုဘဲ ငြင်းပယ်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ဆိုင်းငံ့ခြင်းပြုနိုင်သည်။

၁၅။ အထက်ဌာနများမှ ထပ်မံထုတ်ပြန်သော ညွှန်ကြားချက်ရရှိလျှင်လည်းကောင်း၊ အဖွဲ့ရန်ပုံငွေ တိုးတက်ရရှိစေရေးအတွက်လည်းကောင်း၊ လိုင်စင်ရောင်းချရေးအဖွဲ့သည် မည်သည့်အခွင့်အရေးလိုင်စင်များကိုမဆို တစ်ပေါင်းတည်း စု၍ဖြစ်စေ၊ တစ်ခုချင်းခွဲ၍ဖြစ်စေ ရောင်းချနိုင်သည်။

၁၆။ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် ရောင်းချရရှိမှု ရငွေစာရင်းများ အထက်ဌာနသို့ တင်ပြထားစဉ် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်စတင်ပါက အထက်ဌာနမှ အတည်ပြုချက် မရရှိသေးသော်လည်း အာမခံတင်သွင်းထားပြီး လိုင်စင်တန်ဖိုး၏ ၅ပုံ၁ပုံ၊ ၂ပုံ၁ပုံ၊ အကြေနှင့်ညီမျှသောငွေအား ငွေစုစာအုပ်တွင် ထည့်သွင်းတင်ပြထားသူသည် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်ရှိသည်။ လိုင်စင်ရောင်းချပြီး အခွင့်အရေးလိုင်စင်တစ်ခုခုကို အကြောင်းအမျိုးမျိုးကြောင့် အထက်အဖွဲ့အစည်းမှ အတည်ပြုချထားပေးခြင်း မရှိပါက ပေးသွင်းပြီးသော အာမခံငွေအားအဖွဲ့မှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ ထိုသို့ထုတ်ပေးရာတွင် လေလံအတည်ပြုချက် မရရှိသေးမီ ဘဏ္ဍာရေးနှစ် အစပိုင်းတွင် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိခဲ့ပါက ယင်းသို့ဆောင်ရွက်ခွင့်ရရှိသည့်ကာလအတွက် လိုင်စင်ကြေးငွေကို လိုင်စင်စီမှ ပေးသွင်းစေရမည်။ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသော ဘဏ္ဍာရေးနှစ်၏ လက်ကျန်ကာလအတွက် လေလံ ပြန်လည်ရောင်းချမည်ဖြစ်သည်။

၁၇။ အရပ်ရပ်အခွင့်အရေးလိုင်စင်များကိုလိုင်စင်ရောင်းချရာတွင် ပထမအကြိမ်ရောင်းချရာတွင် ကြမ်းခင်းဈေးပြည့်မီခြင်းမရှိပါက ဒုတိယအကြိမ် လေလံရောင်းချမည်။ ဒုတိယ အကြိမ်တွင် ကြမ်းခင်းဈေးပြည့်မီခြင်းမရှိပါက တတိယအကြိမ် လေလံရောင်းချမည်။ တတိယအကြိမ် ကြမ်းခင်း ဈေးပြည့်မီခြင်းမရှိပါက ချိတ်ပိတ်တင်ဒါခေါ်ယူရောင်းချမည်။ ချိတ်ပိတ်တင်ဒါဈေးနှုန်းသည် ကြမ်းခင်းဈေး မပြည့်မီပါက အခြားနည်းဖြင့် ရောင်းချမည်။ အခြားနည်းဖြင့် ညှိနှိုင်းရောင်းချခဲ့သည့်တိုင် သတ်မှတ်သည့် ကြမ်းခင်းဈေးကိုဖြစ်စေ၊ (၂ ၁/၂) နှစ် ပျမ်းမျှကြေးကိုဖြစ်စေ၊ ထိုက်သင့်သည့် လိုင်စင်ကြေးကိုဖြစ်စေ မရရှိသည့် အခွင့်အရေးလိုင်စင်များနှင့် စပ်လျဉ်း၍ ပိတ်သိမ်းထားရမည့် အခြေအနေမဟုတ်ပါက ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက် နှင့် အညီ

သတ်မှတ်ကြမ်းခင်းဈေးပြည့်မီသည့် လိုင်စင်ကြေးရရှိစေရန် နေ့စဉ်ကောက်စနစ်ဖြင့် အဖွဲ့မှစီမံ ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့မဟုတ်ပါက ၎င်းလုပ်ငန်းလိုင်စင်အား တစ်နှစ် ယာယီပိတ်သိမ်းရန်ဖြစ်သည်။

၁၈။ လိုင်စင်ဆွဲဝယ်ရရှိသည့် အခွင့်အရေးလိုင်စင်အတွက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၏ အတည်ပြုချက်ရရှိပြီးပါက လုပ်ငန်းဆိုင်ရာ နှစ်ဦးသဘောတူစာချုပ်ကို သက်ဆိုင်ရာဥပဒေများ နှင့်အညီ လိုင်စင်ရရှိသူ၏ ကုန်ကျစရိတ်ဖြင့် လိုင်စင်ရရှိသူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့က မပျက်မကွက်စာချုပ်ပြုလုပ်ချုပ်ဆိုရမည်။

၁၉။ လိုင်စင်ဆွဲဝယ်ရရှိသူသည် လိုင်စင်တန်ဘိုး ၂၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ဆယ်) နှင့်အောက် ဖြစ်ပါက လေလံရရှိသည်နှင့်တစ်ပြိုင်နက် အကြေပေးသွင်းရမည်။ အညီအမျှခွဲဝေချထားပေးခြင်းစနစ်အရ သားသတ်လိုင်စင် (၁)ခုကို လိုင်စင်စီ (၁) ဦးထက်ပို၍ ခွဲဝေချထားပေးပါက (၁) ဦးချင်းဆောင်ရွက်ခွင့် ရရှိသော လိုင်စင်ကြေးသည် ၂၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ဆယ်) နှင့် အောက်ဖြစ်ပါက လိုင်စင်ကြေးကို အကြေပေးသွင်း ရမည်ဖြစ်ပါသည်။ လိုင်စင်တန်ဘိုး ၂၀၀၀၀၀၀/- (ကျပ်သိန်းနှစ်ဆယ်) ထက် ကျော်လွန်၍ အကြေမပေးသွင်း လိုပါက သတ်မှတ်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံ အထောက်အထားအား တင်သွင်း၍ –

(က) ပဲခူးတိုင်းဒေသကြီးအတွင်းမှဖြစ်ပါက ဆွဲဝယ်ထားသော လေလံတန်ဘိုး၏ ၅ပုံ၁ပုံကို ၂၀၂၃–၂၀၂၄ ခုဘဏ္ဍာရေးနှစ်စ (၇.၄.၂၀၂၃) ရက်နေ့နောက်ဆုံးထား ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို (၈) ရစ်ခွဲ၍ အောက်ပါအတိုင်း ပေးသွင်းရမည် –

| | | |
|---|---|---|
| (၁) | ပထမအရစ် | ၂၀.၄.၂၀၂၃ |
| (၂) | ဒုတိယအရစ် | ၁၉.၅.၂၀၂၃ |
| (၃) | တတိယအရစ် | ၂၀.၆.၂၀၂၃ |
| (၄) | စတုတ္ထအရစ် | ၂၀.၇.၂၀၂၃ |
| (၅) | ပဥ္စမအရစ် | ၁၈.၈.၂၀၂၃ |
| (၆) | ဆဋ္ဌမအရစ် | ၂၀.၉.၂၀၂၃ |
| (၇) | သတ္တမအရစ် | ၂၀.၁၀.၂၀၂၃ |
| (၈) | အဋ္ဌမအရစ် | ၂၀.၁၁.၂၀၂၃ |

(ခ) ပဲခူးတိုင်းဒေသကြီးပြင်ပမှဖြစ်ပါက အရပ်ရပ်အခွင့်အရေးလိုင်စင်တန်ဘိုး၏ ၅၀% အား ၂၀၂၃–၂၀၂၄ ခုဘဏ္ဍာရေးနှစ်စတွင် (၇.၄.၂၀၂၃) ရက်နေ့နောက်ဆုံးထားပြီး ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို (၄) ရစ်ခွဲ၍ အောက်ပါအတိုင်းပေးသွင်းရမည် –

| | | |
|---|---|---|
| (၁) | ပထမအရစ် | ၂၀.၄.၂၀၂၃ |
| (၂) | ဒုတိယအရစ် | ၁၉.၅.၂၀၂၃ |
| (၃) | တတိယအရစ် | ၂၀.၆.၂၀၂၃ |
| (၄) | စတုတ္ထအရစ် | ၂၀.၇.၂၀၂၃ |

(ဂ) အဆိုပါ သတ်မှတ်ရက်များသည် ရုံးပိတ်ရက်နှင့်တိုက်ဆိုင်နေပါက ထိုနေ့မတိုင်မီ ကြိုတင်ပေး ဆောင်ရမည်၊

(ဃ) လိုင်စင်အရစ်ကျငွေများအား လစဉ်သတ်မှတ်ရက်ထက် နောက်ကျပေးသွင်းမှုအတွက် လိုင်စင်စီမံ ရက်တိုးမြှင့်ပေးရန် လျှောက်ထားလာပါက သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကပ်ရောဂါ တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သည့် အခြားအကြောင်းကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံး နစ်နာခြင်းအတွက် အမှုဆောင်အရာရှိနှင့် လိုင်စင်ရောင်းချရေးအဖွဲ့ မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့၏ စိစစ်ထောက်ခံချက်ဖြင့်ခွင့်ပြုချက် ရရှိစေရေးတိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူးထံ တင်ပြရမည်။ ခွင့်ပြုချက်မရရှိဘဲ အရစ်ကျကြေးနောက်ကျ ပေးသွင်း ပါက သတ်မှတ်ဒဏ်ကြေးကို ပေးဆောင်ရမည်၊

(င) လိုင်စင်ရထားသူသည် လိုင်စင်နှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ကပ်ရောဂါ တစ်မျိုးမျိုးကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သည့် အခြားအကြောင်းကြောင့်ဖြစ်စေ ပျက်စီးဆုံးရှုံး နစ်နာခြင်းအတွက် အခွန်ငွေလျှော့ပေါ့ရန်လည်းကောင်း၊ လျော်ပစ်ရန်လည်းကောင်း၊ လျှောက် ထားချက်များကို လက်ခံစဉ်းစားပေးမည်မဟုတ်ပါ၊

(စ) အရစ်ကျလိုင်စင်ငွေကို သတ်မှတ်သည့်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်ပါက တစ်နေ့ အတွက် ငွေ (၁၀ဝိ/-) လျှင် ဒဏ်ငွေ (၁) ကျပ်တပ်ရိုက်ခြင်းခံရမည်။ (၁၀ဝိ/-) ၏ အစိတ်အပိုင်း သည်လည်း (၁) ကျပ်ပင် ဖြစ်သည်။

၂၀။ အထူးကိစ္စတစ်ရပ်အနေဖြင့်ဖြစ်စေ၊ ဒေသလိုအပ်ချက်အရဖြစ်စေ အခွင့်အရေးလိုင်စင် တစ်ရပ်ရပ်ကို သက်တမ်းတိုးမြှင့်ခြင်း၊ အညီအမျှခွဲဝေချထားပေးခြင်း၊ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်း ခွင့်ပြုပေးနိုင်ရန် အတွက် တင်ပြလာပါက ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ စီမံခန့်ခွဲမှုကော်မတီမှစိစစ်၍ အကျိုး အကြောင်း ခိုင်လုံစွာဖြင့် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီသို့ တင်ပြပြီး အတည်ပြုချက်ရယူ ဆောင်ရွက်သွားမည် ဖြစ်သည်။

၂၁။ လိုင်စင်စီကွယ်လွန်အနိစ္စရောက်ပါက ဆက်ဆံပိုင်ခွင့်ရှိသူ (ဇနီး/ ခင်ပွန်း/ သားသမီးအရင်း/ သားမက်/ ချွေးမ) မှ (၁) လအတွင်း အထောက်အထားနှင့်တကွ လိုင်စင်စီအမည်ပြောင်းလျှောက်လွှာတင်ပြရမည်။ ထိုသို့ အမည်ပြောင်းတင်ပြရာတွင် လေလံဆွဲဝယ်စဉ် လျှောက်လွှာတင်သွင်းခဲ့သော အိမ်ထောင်စုဇယားမူရင်းပုံစံ (၆၆/၆) ပါသူများ၏ သဘောတူညီချက်တင်ပြနိုင်ရမည်။ မိသားစုနှင့်ဆက်စပ်၍ ဆက်ခံပိုင်ခွင့်ရှိကြောင်း အ ထောက်အထား ခိုင်လုံစွာ တင်ပြနိုင်သူကိုသာ လွှဲပြောင်းပေးရမည်။

၂၂။ နိုင်ငံတော်မှ BOT စနစ်ဖြင့် ဆောင်ရွက်လျှက်ရှိသော မြို့ဝင်ကြေးဘီးကောက်လိုင်စင်ဆွဲဝယ်ထားသူ ကုမ္ပဏီမှ တာဝန်ခံဝန်ထမ်းအမည်ပြောင်းလဲမှုရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ တစ်ပတ်အတွင်း တင်ပြ၍ အမည်ပြောင်းမှတ်ပုံတင်လျှောက်ထားရမည်။

၂၃။ နေ့စဉ် အခွန်အခ၊ အကောက်လုပ်ငန်းများ၊ သားသတ်လုပ်ငန်းများနှင့်ပတ်သက်၍ လေလံဆွဲဝယ်ရရှိသူသည် လုပ်ငန်းလုပ်ကိုင်ရာတွင် အလုပ်သမားထားရှိဆောင်ရွက်ပါက အလုပ်သမား၏ ကိုယ်ရေးရာဇဝင်အကျဉ်း ဖော်ပြလျှက် လုပ်သားစာရင်းတင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။ လေလံဆွဲဝယ်ရရှိသူသည် လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် အပေါ်ရုံအင်္ကျီ (Waist Coat) ဝတ်ဆင်ပြီး အသိအမှတ်ပြုကဒ်ပြားများ ချိတ်ဆွဲဝတ်ဆင်၍ သတ်မှတ်သည့် ငွေရပြေစာများဖြင့်သာ အကောက်များကောက်ခံဆောင်ရွက်ရမည်။

၂၄။ ကူးတို့လှေများတွင် အသက်ကယ်အင်္ကျီ (Life Jacket) များကို ကူးတို့လှေတွင် စီးနင်းလိုက်ပါသူများ အားလုံး ဝတ်ဆင်နိုင်ရေး ကူးတို့လှေများတွင် မပြစ်မနေဆောင်ထားရမည်။ နွေရာသီရေနည်းပါးချိန်များတွင် ယာယီတံတားထိုးခြင်းဆောင်ရွက်လိုပါက ပဲခူးတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ခံချက်ရယူပြီးမှသာ ဆောင်ရွက်သွားရန်နှင့် တံတားထိုးခြင်း၊ တံတားဖျက်သိမ်းခြင်းတို့ကို ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၅။ လိုင်စင်စီကိုယ်တိုင်ကလည်းကောင်း၊ လုပ်သားများကလည်းကောင်း လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း အရက်သေစာသောက်စားခြင်း၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ပြည်သူများအပေါ် ရိုင်းစိုင်းမောက်မာစွာ ပြောဆိုဆက်ဆံခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ဟီရိသြတ္တပ္ပကင်းသော ဝတ်စားဆင်ယင်မှုများ လုံးဝ မပြုရေး လိုင်စင်စီက တာဝန်ခံရမည်။ လိုင်စင်စီ၏ ကြီးကြပ်အားနည်းမှုကြောင့် အများပြည်သူနှင့်ပြဿနာ တစ်စုံတစ်ရာဖြစ်ပွားလာပါက လိုင်စင်စီ၏ အပြုအမူကြောင့်မဟုတ်ဘဲ စည်ပင်သာယာရေးအဖွဲ့၏ ပြုမှုဆောင်ရွက်မှု အဖြစ်သာ အကျိုးသက်ရောက်စေမည် ဖြစ်သည့်အတွက် လိုင်စင်စီအနေဖြင့် အလေးထားကြီးကြပ်ဆောင်ရွက်ရမည်။

၂၆။ လိုင်စင်ဆွဲဝယ်ရရှိသူများသည် ကူးတို့ကောက်၊ ဈေးကောက်၊ အိမ်သာကောက်၊ ယာဉ်ရပ်နားခွန်နှင့် ညအိပ် ခွန် ကောက်၊ စက်ဘီး/ဆိုင်ကယ်ကောက်၊ မြို့နယ်ဝင်ကြေးကောက် စသည့် သက်ဆိုင်ရာလုပ်ငန်းများ အတွက် သတ်မှတ်ထားသော ကောက်ခံရမည့်နှုန်းထား ဖော်ပြထားသည့် (၅' x ၃') ဗီနိုင်း ဆိုင်းဘုတ်ကို အစိမ်းရောင် အောက်ခံတွင် အဖြူရောင်းစာလုံးဖြင့် ရေးသား၍ အဖွဲ့မှ သတ်မှတ်ထားသည့် နေရာများတွင် အများပြည်သူ သိရှိနိုင်ရန် လိုင်စင်ဆွဲဝယ်ရရှိသူမှ မိမိစရိတ်ဖြင့် စိုက်ထူချိတ်ဆွဲထားရှိရမည်။ အသားဆိုင်များတွင် ရောင်းချသည့် အသားဈေးနှုန်းများ ဖော်ပြသည့် (၄' x ၃') ဗီနိုင်း ဆိုင်းဘုတ်ကို အစိမ်းရောင် အောက်ခံတွင် အဖြူရောင်းစာလုံးဖြင့် ရေးသား၍ အများပြည်သူ သိရှိနိုင်ရန် လိုင်စင်ဆွဲဝယ်ရရှိသူမှ မိမိစရိတ်ဖြင့် အသားဝယ်ယူသူ မြင်သာသည့် ရောင်းချမည့် အသားဆိုင်တွင် အပေါင်ဆိုင်လိုင်စင်ဆွဲဝယ်လုပ်ကိုင်ခွင့် ရရှိသူသည် အပေါင်ဆိုင် လိုင်စင် ဆောင်ရွက်မည့် နေရာတွင် (၄'x ၃') ဗီနိုင်း ဆိုင်းဘုတ်ကို အဝါရောင်အောက်ခံတွင် အနက်ရောင် စာလုံးဖြင့် အများပြည်သူ သိရှိရန် ချိတ်ဆွဲ/စိုက်ထူထားရမည်။ ထိုသို့စိုက်ထူချိတ်ဆွဲထားသည့် ဓာတ်ပုံမှတ်တမ်း အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သို့ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် (၇.၄.၂၀၂၃) ရက်နေ့ ထက် နောက်မကျစေဘဲ ပေးပို့တင်ပြရမည်။

၂၇။ လိုင်စင်ဆွဲဝယ်ရရှိသူသည် ဆွဲဝယ်ရရှိသောလုပ်ငန်းကို မိမိကိုယ်တိုင်ဦးစီးဆောင်ရွက်ရန် တာဝန်ရှိပြီး လိုင်စင်ချထားခြင်းမရှိသည့် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အသင်း၊ အဖွဲ့အစည်းကိုမဆို၊ အဖွဲ့၏ခွင့်ပြုချက်ရယူခြင်း မရှိဘဲ လွှဲပြောင်းအပ်နှံခြင်း ၊ ရောင်းချခြင်း ၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် ရောင်းချခြင်းမပြုလုပ်ရ။ စိစစ်၍

အထောက်အထားနှင့်တွေ့ရှိပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်။ လုပ်ငန်းလိုအပ်ချက်အရ ကြီးကြပ်လုပ်ကိုင်သူ ခန့်ထားဆောင်ရွက်လိုပါက အဖွဲ့သို့ကြိုတင်ခွင့်ပြုချက်ရယူရမည်ဖြစ်ပြီး ၎င်းကြီးကြပ်လုပ်ကိုင်သူအား လိုင်စင်စီမှ တာဝန်ခံရမည်။ လိုင်စင်ဆွဲဝယ်ရရှိသည့် လုပ်ငန်းအား လိုင်စင်စီမှ တာဝန်ယူရမည်။

၂၈။ ခိုင်လုံသောအကြောင်းနှင့်ခွင့်ပြုချက်မရှိဘဲ လိုင်စင်တန်ဘိုးငွေကိုဖြစ်စေ၊ အရစ်ကျလိုင်စင်ကြေးကိုဖြစ်စေ သတ်မှတ်ရက်မှ ရက်ပေါင်း (၃၀) ထက်ကျော်လွန်၍ အရစ်ကျငွေများ ပေးသွင်းနိုင်ခြင်းမရှိက အဆိုပါလိုင်စင်ကို အဖွဲ့မှပြန်လည် သိမ်းယူပြီး ပြန်လည်ရောင်းချရမည်။ ထိုသို့ရောင်းချရာတွင် ရောင်းချရရှိသည့် လိုင်စင်ကြေးသည် မူလ ဆွဲဝယ်သည့်လိုင်စင်ကြေးထက် လျော့နည်းပါက ပထမဆွဲဝယ်သူ လိုင်စင်စီဟောင်းသည် လျော့နည်းငွေကို ပေးလျော်ရမည်။

၂၉။ လိုင်စင်ဆွဲဝယ်ရရှိပြီးနောက် အကြောင်းတစ်စုံတစ်ရာကြောင့် လိုင်စင်အား ပြန်လည်ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ သို့မဟုတ် လိုင်စင်ပြန်လည်အပ်နှံလျှင်ဖြစ်စေ ပေးသွင်းရမည့်လိုင်စင်ကြေးကို အပြေအကြေမပျက်မကွက် ပေးဆောင်ရမည်။ ပေးဆောင်ရန်ပျက်ကွက်ပါက ပေးဆောင်ရမည့်ငွေများအတွက် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ တရားစွဲဆိုတောင်းခံခြင်းခံရမည်။

၃၀။ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ရရှိသည့် မည်သည့်လုပ်ငန်းကိုမဆို မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူများ လာရောက်စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းများပြုလုပ်ပါက ပြေလည်စွာရှင်းလင်း ပြောဆိုရန်နှင့် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

၃၁။ အခွင့်အရေးလိုင်စင်များ လိုင်စင်ဆွဲဝယ်ရရှိသူသည် သက်ဆိုင်ရာအရပ်ရပ်အခွင့်အရေးလိုင်စင် စည်းကမ်းနှင့် လိုင်စင်စည်းကမ်းပါ သတ်မှတ် အတည်ပြုထားသော နှုန်းထားများအတိုင်း လိုက်နာဆောင်ရွက်ရမည်။ ဈေးနှုန်းပိုမိုမြင့်တက်၍ ကောက်ခံ/ ရောင်းချကြောင်း စစ်ဆေးတွေ့ရှိရလျှင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် တည်ဆဲဥပဒေသတ်မှတ်ထားသည့် စည်းကမ်းများ၊ လိုင်စင်စည်းကမ်းများ၊ လိုင်စင်စည်းကမ်းများကိုဖြစ်စေ ဖေါက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက အောက်ပါအတိုင်း အရေးယူခြင်းခံရမည် –

(က) ပထမအကြိမ်စည်းကမ်းဖေါက်ဖျက်ပါက လိုင်စင်ကြေး၏ ၁၀% နှင့်ညီမျှငွေအား ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်၊
(ခ) ဒုတိယအကြိမ် စည်းကမ်းဖေါက်ဖျက်ပါက အာမခံငွေ၏ ၃ဆ ထက်မနည်းသော ဒဏ်ငွေတပ်ရိုက် ခြင်းခံရမည်၊
(ဂ) တတိယအကြိမ် စည်းကမ်းဖေါက်ဖျက်ပါက သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ရပ်ဆိုင်း၍ ပြန်လည်သိမ်းယူခြင်းခံရမည်အပြင် အမည်ပျက်စာရင်း (Black List) ထည့်သွင်းကြော်ငြာခြင်းခံရမည်။

၃၂။ လိုင်စင်ဆွဲဝယ်သူသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လည်းကောင်း၊ အထက်ဌာနများမှလည်းကောင်း အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များ၊ အမိန့်၊ ကြော်ငြာစာများ၊ စည်းမျဉ်းစည်းကမ်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်ရမည်။

၃၃။ ၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ် / အညီအမျှခွဲဝေချထားပေးခြင်းစနစ်/ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသော အရပ်ရပ်အခွင့်အရေးလိုင်စင်များကို ဆွဲဝယ်ရရှိသူအားလုံးသည် နိုင်ငံတော်အစိုးရ၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကိုဖြစ်စေ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စာချုပ်ပါစည်းကမ်းများကိုဖြစ်စေ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ထုတ်ပြန်ထားသည့် အရပ်ရပ်အခွင့်အရေးလိုင်စင်စည်းကမ်းနှင့် လုပ်ငန်းလိုင်စင်စည်းကမ်းများကိုဖြစ်စေ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ် ပြန်ထားသော စည်းကမ်း (By Laws) များပါ ပြဋ္ဌာန်းချက်များကိုဖြစ်စေ တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

အမှုဆောင်အရာရှိ<br>ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အပေါင်ဆိုင်လိုင်စင်စည်းကမ်းချက်များ

၃၄။ အပေါင်ဆိုင်လိုင်စင်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) အပေါင်ဆိုင်လိုင်စင်ရရှိသူသည် အပေါင်ခံသည့်ပစ္စည်းအတွက် ပေါင်သူသို့ထုတ်ပေးသည့် လက်မှတ်များတွင် အပေါင်ပစ္စည်းအမျိုးအမည်နှင့် အလေးချိန်အရေအတွက် တို့ကို သေချာထင်ရှားစွာ မှတ်ရမည်၊

(ခ) ပြည်သူ့တပ်တော် (ကြည်း၊ ရေ၊ လေ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မည်သည့်ရဲဘော်တစ်ယောက်ထံမှ စစ်/ ရဲ ပစ္စည်းတန်ဆာပလာများနှင့် လယ်ယာသုံးပစ္စည်းများကို အပေါင်ခံခြင်းမပြုလုပ်ရ၊

(ဂ) အကယ်၍ အပေါင်ခံထားသောပစ္စည်းများကို ဖြတ်တောက်ခိုးယူခြင်း လဲလှယ်ခြင်း စသည့် မမှန်မကန်ပြုလုပ်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ခဲ့လျှင် ပေါင်နှံသူကအပေါင်ခံသူအားရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုနိုင်သည်၊

(ဃ) ပေါင်နှံသူ၏ ပစ္စည်းများကို ဈေးငွေ (၁၀၀ိ/-) အတွက် တစ်လလျှင် အတိုးငွေ (၃) ကျပ်နှုန်းဖြင့် သင့်သည့်အတိုးငွေများကိုပေး၍ ရွေးယူလျှင် ပေါင်သည့်နေ့မှ (၅) လအတွင်း ပြည်လည်ရွေးယူခွင့် ရှိသည်။ လိုင်စင်ရရှိသူသည် မိမိအပေါင်ခံထားသော ပစ္စည်းများကို ပဋိညာဉ် ဥပဒေပုဒ်မ (၁၅၁) အရ လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(င) နိုင်ငံတော်မှ အသေးစားချေးငွေဌာန ဖွင့်လှစ်ရန် ရည်ရွယ်၍ ဖွင့်လှစ်မည်ဆိုပါက လိုင်စင်အား ပြန်လည်ရုတ်သိမ်းမည်။ အချိန်အခါမရွေး မိမိစရိတ်ဖြင့်ပိတ်သိမ်းရမည်၊

(စ) အပေါင်ခံပစ္စည်းများ လေလံတင်ရောင်းချခြင်း အပေါင်ခံပစ္စည်းများ သိမ်းဆည်းခံရခြင်းများအား အသေးစားချေးငွေဌာန၏ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဆ) အသက်(၁၆) နှစ်မပြည့်သေးသူ၊ စိတ်ပေါ့သွပ်သူ၊ သတိကင်လွတ်အောင် သောက်စားမူးရစ်နေသူများနှင့် ရဟန်းသံဃာ သီလရှင်များ ပစ္စည်းလာရောက်ပေါင်နှံခြင်းကို လုံးဝလက်မခံရ၊

(ဇ) ပစ္စည်းတစ်ခုကို အပေါင်လက်ခံရရှိသောအခါ (သို့) လက်ခံရရှိပြီးသောအခါ ထိုပစ္စည်း သည်ခိုးရာပါ ပစ္စည်း (သို့) လိမ်လည်မှုနှင့် ပတ်သက်သော ပစ္စည်းဟု ယုံကြည်ရန်အကြောင်း ယုတ္တိရှိလျှင်ဖြစ်စေ ရဲဌာနက ရာဇဝတ်မှုတစ်ခုခုနှင့်ပတ်သက်သည်ဟု ဥပဒေအရ တောင်းဆိုလျှင်ဖြစ်စေ ထိုပစ္စည်းကို အနီးဆုံးရဲစခန်းသို့ ပေးအပ်ရမည်၊

(ဈ) အပေါင်လိုင်စင်ရရှိသူသည် ပေါင်ထားသည့်နေ့မှ (၅) လကျော်လွန်သော အပေါင်ဆုံးပစ္စည်းများကို ရောင်းချရန် စာရင်းပြုစု၍ ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင်(၁၅) ရက်ကြိုတင်ချိတ်ဆွဲ ကြော်ငြာရမည်၊ လေလံရောင်းချမည့်ပစ္စည်းကို ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရွေးချယ်တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ်မှ ကြီးကြပ်၍ လေလံတင်ရောင်းချရမည်၊

(ည) အပေါင်လိုင်စင်ရရှိသူသည် မိမိဆွဲဝယ်ရရှိရာ နယ်မြေဒေသ၌သာ လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ရမည်။ မိမိလုပ်ကိုင်ခွင့်မရှိသည့် နေရာဒေသတွင် လုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိရပါ က လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူခြင်းခံရမည်၊

(ဋ) နယ်မြေဒေသတစ်ခုအတွင်း၌ ရွှေဆိုင်များမှ သီးခြားလေလံရယူလိုပါက လျှောက်ထားနိုင်သည်၊

(ဌ) ရွှေဆိုင်များအနေဖြင့် ရွှေထည်ပစ္စည်းများမှအပ အခြားမည်သည့်ပစ္စည်းမှ ပေါင်းနှံရောင်းဝယ်ခြင်းမပြုရ၊

(ဍ) ရွှေထည်ပစ္စည်းများအပါအဝင် အခြားသောအပေါင်ပစ္စည်းများအတွက် ဆောင်ရွက်သူများသည် သတ်မှတ်ချက်ပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(ဎ) ရွှေဆိုင်များအနေဖြင့် ခွင့်ပြုချက်မရှိဘဲ အပေါင်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ပါက ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ အရေးယူခြင်းခံရမည်၊

(ဏ) သတ်မှတ်ကာလအတွင်း ပြန်လည်ရွေးထုတ်နိုင်ခြင်းမရှိသော အပေါင်ဆုံးပစ္စည်းများကို လုပ်ထုံးထုပ်နည်းနှင့်အညီ လေလံတင်ရောင်းချနိုင်ရန် ပစ္စည်းစာရင်းအား မပျက်မကွက် သက်ဆိုင်ရာအမှုဆောင်အရာရှိမှ ကြီးကြပ်စိစစ်ဆောင်ရွက်ရန်၊

(တ) အပေါင်ဆုံးပစ္စည်းများ လေလံတင်ရောင်းချရငွေမှ အရင်းနှင့်အတိုးကျသင့်ငွေများကို နုတ်ပယ်ပြီး ပိုငွေကိုပေါင်နှံသူသို့ ပြန်လည်ပေးအပ်ရန်၊

(ထ) အဖွဲ့၏ခွင့်ပြုချက်ဗီနိုင်းများ လုပ်ငန်းဆောင်ရွက်သည့် တည်နေရာတွင် အများပြည်သူမြင်သာစွာ ချိတ်ဆွဲဆောင်ရွက်ရမည်၊

(ဒ) ညနေ (၆) နာရီမှ နံနက် (၆) နာရီအတွင်း အပေါင်လက်ခံခြင်းမပြုရ။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

သားသတ်လိုင်စင်စည်းကမ်းချက်များ

၃၅။ သားသတ်လိုင်စင်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) သားသတ်လိုင်စင်နှင့် အသားရောင်းချခွင့်လိုင်စင်အား အညီအမျှခွဲဝေချထားပေးခြင်း စနစ်ဖြင့် ရောင်းချဆောင်ရွက်ခြင်းဖြစ်ပေရာ အသားအမျိုးအစားတစ်ခုစီအတွက် လိုင်စင်တစ်ဦးချင်းစီအပေါ် အမှုတွဲတစ်ခုစီဖွင့်လှစ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်စည်းကမ်းဖောက်ဖျက်ပါက ဥပဒေစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်သောကြောင့် လိုင်စင်စီများအနေဖြင့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(က) အဖွဲ့ပိုင်ဈေးတွင် အဖွဲ့မှ သတ်မှတ်ထားသော အသားဆိုင်နေရာများတွင်သာ လိုင်စင်စီများအနေဖြင့် အသားများရောင်းချရမည်။

(ခ) ဈေးဧရိယာပြင်ပတွင် အသားများလုံးဝရောင်းချခြင်းမပြုစေရေး လိုက်နာဆောင်ရွက် ရမည်၊

(ဂ) ကျေးလက်ဒေသများတွင် အဖွဲ့မှသတ်မှတ်ပေးသော အသားဆိုင်နေရာများတွင်သာ လိုင်စင်စီများအနေဖြင့် အသားများရောင်းချရမည်၊

(ဃ) ညွှန်ကြားချက်များအပေါ် လိုင်စင်စီများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်မည်ဖြစ် ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးထားရမည်၊

(င) ညွှန်ကြားချက်အပေါ် လိုက်နာခြင်းမရှိပါက ထုတ်ပြန်ထားသော ဥပဒေ၊ လိုင်စင်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းခံရမည်၊

(ဂ) အမဲသား၊ ဝက်သား၊ ဆိတ်သားဆိုင်များမရှိသော ဈေးများတွင် အရပ်ရပ်အခွင့်အရေးလိုင်စင်ရရှိသူမှ မိမိတို့အစီအစဉ်ဖြင့် ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားထားသည့် အတိုင်း ဆောက်လုပ်ရောင်းချခွင့်ပြုသည်၊

(ဃ) သားသတ်လုပ်ငန်းဆောင်ရွက်သူသည် မြို့ရွာလူနေရပ်ကွက်/ ဘုန်းကြီးကျောင်း စာသင်ကျောင်းနှင့် ဝေးသောရေအလုံအလောက်ရရှိနိုင်သော လုံးခြုံသောဝန်းခြံ အကာအရံရှိသော သားသတ်ရုံအဖြစ် ဆောင်ရွက်မည့်မြေနေရာအလုံအလောက် ပိုင်ဆိုင်သူတင်ပြနိုင်သူ ဖြစ်ရ မည်။

(င) သားသတ်လိုင်စင်ရရှိသူသည် သားရေစက်ရုံနှင့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့တို့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် သားရေချုပ်ကို ပဲခူးတိုင်းဒေသကြီးစည်ပင် သာယာရေးအဖွဲ့မှ အသိအမှတ်ပြုသည့် သားရေကိုယ်စားလှယ်သို့ ရောင်းချပေးရမည်၊

(စ) အမဲသား၊ ဝက်သားများကို သားသတ်ရုံမှအသားရောင်းဆိုင်သို့ သယ်ယူသည့်အခါ အသားများကို ပြည်သူတို့မမြင်နိုင်အောင် အလုံဖုံးအုပ်ပြီးမှသာ ယာဉ်များဖြင့် သယ်ယူရမည့်အပြင် ရောင်းချသည့်အခါ ထုပ်ပိုးပစ္စည်းဖြင့် ထုတ်ပေးရမည်၊

(ဆ) သားသတ်လိုင်စင်ရရှိသူသည် အောက်ပါနေ့ရက်များတွင် သားသတ်လုပ်ငန်းပိတ်ထားရမည် –

(၁) မြန်မာနှစ်သစ်ကူး (နှစ်ဆန်း ၁ ရက်နေ့)

(၂) ကဆုန်လပြည့်နေ့

(၃) ဝါဆိုလပြည့်နေ့

(၄) သီတင်းကျွတ်လပြည့်နေ့

(၅) တန်ဆောင်မုန်း လပြည့်နေ့

(၆) တပေါင်းလပြည့်နေ့

(၇) ကမ္ဘာ့တိရစ္ဆာန်များနေ့ (အောက်တိုဘာ ၁၄ ရက်)

(ဇ) သားသတ်လိုင်စင်များအား နယ်မြေအလိုက်စုပေါင်း၍ အရပ်ရပ်အခွင့်အရေး လိုင်စင်ရောင်းချထားခြင်း ဖြစ်ရာ သတ်မှတ်ပေးထားသည့် နယ်မြေအလိုက်ရောင်းချရာတွင် စားသုံးသူဦး ရေ များပြားခြင်း ထပ်မံ ဖွင့်လှစ်ပါက ဤအဖွဲ့၏ခွင့်ပြုချက် ရရှိမှသာ ဖွင့်လှစ်ရောင်းချ ဆောင်ရွက်ရမည်၊

(ဈ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော လစဉ်ဆိုင်ခွန် (အသားဆိုင်လခ) များကို သက်ဆိုင်ရာဈေးတာဝန်ခံများထံသို့ လစဉ်သတ်မှတ်ရက် အတိုင်းပေးဆောင်ရမည်။

(ည) သားသတ်အတွက် ပေးထားသော လိုင်စင်တန်ဘိုးငွေသည် အသားဆိုင် လစဉ်ဆိုင်ခွန် အသားရောင်း လိုင်စင်ခများနှင့် မသက်ဆိုင်ပါ၊

(ဋ) အသားရောင်းချသည့်ဆိုင် ဆောက်လုပ်စရိတ်တန်ဘိုးကို ယခင်လိုင်စင်ရရှိသူမှ ပေးသွင်းထားခဲ့သဖြင့် အဆိုပါတန်ဘိုးငွေကိုပါ ပေးချေရမည်။ ကြမ်းခင်းဈေးနှင့်အညီ ခွဲ၍ ရောင်းချရသော သားသတ်လိုင်စင်များအတွက် အဖွဲ့မှသတ်မှတ်ပေးသော နေရာတွင်ရောင်းချရမည်၊

(ဌ) အမဲသားသတ်လိုင်စင်ရရှိသူများသည် လိုင်စင်သက်တမ်းတလျှောက်တွင် ခွင့်ပြုထားသည့် အသားဈေးနှုန်းကို ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုထားသည့်အတိုင်းသာ ရောင်းချရမည် –

(၁) **အမဲသားဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | အသားကောင်း | ၁ ပိဿာ | ၁၅၀၀ဝိ/– |
| (ခ) | ရိုးရိုးအသား | ၁ ပိဿာ | ၁၂၀၀ဝိ/– |
| (ဂ) | အသဲနှလုံး | ၁ ပိဿာ | ၁၂၀၀ဝိ/– |
| (ဃ) | ကလီစာ၊ ဝမ်းတွင်းသား | ၁ ပိဿာ | ၆၀၀ဝိ/– |
| (င) | အရိုးကြမ်း | ၁ ပိဿာ | ၂၀၀ဝိ/– |
| (စ) | ဦးနှောက် | ၁ ပိဿာ | ၅၀ဝိ/– |

(၂) **ဝက်သားဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | အသားကောင်း | ၁ ပိဿာ | ၁၂၀၀ဝိ/– |
| (ခ) | ပေါင်သား | ၁ ပိဿာ | ၁၀၀၀ဝိ/– |
| (ဂ) | ရိုးရိုးအသား | ၁ ပိဿာ | ၈၀၀ဝိ/– |
| (ဃ) | အသဲနှလုံး၊ ကလီစာ၊ ဝမ်းတွင်းသား | ၁ ပိဿာ | ၈၀၀ဝိ/– |
| (င) | ခေါင်း၊ ခြေထောက်၊ လက် | | ၄၀၀ဝိ/– |
| (စ) | သွေး | | ၃၀၀ဝိ/– |

(ဍ) သားသတ်လိုင်စင်ရရှိသူသည် ဒေသအလိုက် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော ကျွဲ၊ နွား၊ ဝက် အကောင်ရေကိုသာ သတ်ဖြတ်ရမည်။ သတ်မှတ်သည့်အကောင်အရေအတွက် ထက်ကျော်လွန်ခြင်း၊ မပြည့်မီခြင်းတို့အတွက် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ကြိုတင်ခွင့်ပြုချက် ရယူထားရန်နှင့် သတ်မှတ်စည်းကမ်းဖောက်ဖျက်ပါက အရပ်ရပ်အခွင့်အရေးလိုင်စင်စည်းကမ်းနှင့်အညီ အရေးယူခြင်းခံရမည်။ အခါအားလျော်စွာ ပြောင်းလဲမည့် သားသတ်ကောင်ရေအား အဖွဲ့မှ ခွင့်ပြုနိုင်သည်။ သားသတ်ခေါင်းခွန်ကို သတ်မှတ်သည့်အတိုင်း အဖွဲ့ရုံးသို့ပေးသွင်းရမည်။ ပိုမိုသတ်ဖြတ်ခြင်းမပြုရ အမဲ၊ ဝက်၊ အရပ်ရပ်အခွင့်အရေးလိုင်စင်ရရှိသူများသည် အသားများအား ယင်လုံစကာဖြင့် ဖုံးအုပ်ရောင်းချရမည် -

| စဉ် | လိုင်စင်အမည် | သားသတ်ကောင်ရေ | | | |
|---|---|---|---|---|---|
| | | တစ်ရက်လျှင် | တစ်ပတ်လျှင် | တစ်လလျှင် | တစ်နှစ်လျှင် |
| ၁။ | ထန်းတပင်အမဲ | - | ၃ | ၁၂ | ၁၄၄ |
| ၂။ | ထန်းတပင်ဝက် | ၁ | - | ၃၀ | ၃၅၈ |
| ၃။ | ဇရပ်ကြီးအမဲ | - | ၂ | ၈ | ၉၆ |
| ၄။ | ဇရပ်ကြီးဝက် | ၁ | - | ၃၀ | ၃၅၈ |
| ၅။ | နတ်ရွာအမဲ | - | ၁ | ၄ | ၄၈ |
| ၆။ | နတ်ရွာဝက် | - | ၅ | ၂၀ | ၂၄၀ |
| ၇။ | ကင်မွန်းချုံအမဲ | - | ၁ | ၄ | ၄၈ |
| ၈။ | ကင်မွန်းချုံဝက် | - | ၆ | ၂၄ | ၂၈၈ |
| ၉။ | လှည်းလမ်းကူးဝက် | - | ၃ | ၁၂ | ၁၄၄ |
| ၁၀။ | ရွှေဈေးအမဲ | - | - | ၁ | ၁၂ |
| ၁၁။ | ရွှေဈေးဝက် | - | ၄ | ၁၆ | ၁၉၂ |

(ဎ) အသားဆိုင်များတွင် ရောင်းချရန်အတွက် သတ်ဖြတ်ထားသည့် သားကောင်များကို ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ပေးအပ်ထားသူ၏ ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်းမပြုရ။ အသားများရောင်းချရာတွင် ရေထိုးခြင်း၊ လေထိုးခြင်း၊ အလေးမပြည့်ခြင်းနှင့် မသမာသောနည်းလမ်းဖြင့် ပြုလုပ်ရောင်းချကြောင်း ကြားသိလျှင် အရပ်ရပ်အခွင့်အရေးလိုင်စင် စည်းကမ်းဥပဒေအရ ထိရောက်စွာ အရေးယူခြင်းခံရမည်၊

(ဏ) သားကောင်များကို သတ်ဖြတ်ရာတွင် သာသတ်စည်းကမ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည့်အပြင် အောက်ဖော်ပြပါခေါင်းခွန်ကိုလည်း ပေးဆောင်ရမည်၊

(၁) ကျွဲ၊ နွား တစ်ကောင်လျှင် ၁၀၀ဝိ/-

(၂) ဝက်တစ်ကောင်လျှင် ၈၀ဝိ/-

(တ) သတ်ဖြတ်သည့် တိရစ္ဆာန်များမှာ တိ/ မွေး/ ကုနှင့် ကျန်းမာရေးဌာနတို့၏ ခွင့်ပြုချက်ပါရှိရမည်၊

(ထ) ကျွဲ၊ နွားများကို နေ့စဉ် နံနက် (၃) နာရီနောက်ပိုင်းမှသာ သတ်ဖြတ်ခွင့်ရှိသည်။ သတ်ဖြတ်ရာတွင် ပတ်ဝန်းကျင်သို့ ဆူညံမှုမဖြစ်စေရေး စီစဉ်ဆောင်ရွက်ရမည်၊

(ဒ) အကြောင်းအမျိုးမျိုးကြောင့် ပုံမှန်မသတ်ဖြတ်နိုင်ပါက သတ်မှတ်ထားသော သားသတ်ခေါင်းခွန်အား အပြည့်အဝပေးဆောင်ရမည်၊

(ဓ) သားသတ်လိုင်စင်ရရှိသူများသည် အရပ်ရပ်အခွင့်အရေးလိုင်စင် ဆွဲဝယ်ရရှိထာသည့် နေရာဒေသနယ်နိမိတ်အတွင်းသာ သတ်ဖြတ်ရောင်းချခြင်း ပြုရမည်။ မိမိဆွဲဝယ်ရရှိထားသော နယ်နိမိတ်မှကျော်လွန်၍ အခြားနေရာဒေသသို့လည်းကောင်း အခြားနေရာဒေသမှ မိမိဆွဲဝယ်ရရှိထားသော နယ်နိမိတ်အတွင်းသို့ လည်ကောင်းသယ်ဆောင်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(န) သားသတ်လိုင်စင်ရရှိသူသည် သားသတ်ကုန်ကြမ်း တိရစ္ဆာန်ကောင်အရှင်များကို သယ်ဆောင်လိုပါက ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ ခွင့်ပြုချက်ရရှိမှသာ သယ်ဆောင်ခွင့်ရှိသည်၊

(ပ) သားသတ်လိုင်စင်ရရှိသူများသည် သားသတ်ကုန်ကြမ်း တိရစ္ဆာန်ကောင်အရှင်များကို မြို့နယ်ပြင်ပသို့ သယ်ဆောင်လိုပါက ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်ကိုရယူရမည်၊

(ဖ) မြို့ပေါ်တွင် အလှူ၊ သာရေး၊ နာရေးကိစ္စများအတွက် အသားဝယ်ယူခြင်းနှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုချက်ရရှိထားသည့် လိုင်စင်စီနှင့်သာ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကျေးလက်ဒေသများတွင် အလှူသာရေး / နာရေး ကိစ္စများအတွက် တစ်ပိုင်တစ်နိုင်မွေးမြူထားသော ဝက်၊ ဆိတ် အသားပေါ်ထုတ်ခြင်း ဆောင်ရွက်လိုပါက သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက် (ခိုင်လုံသော အကြောင်းပြချက်၊ အလှူအတွက်သားသတ်မည့် အကောင်အရေအတွက် လှူဒါန်းမည့် အသားပိသာချိန်၊ အလှူဖိတ်စာအထောက်အထား၊ ဖိတ်ကြားမည့်ဧည့်သည်အရေအတွက် (ခန့်မှန်း) စသည့်ရှင်းလင်းတင်ပြချက်များ) နှင့်အတူ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ ကြိုတင်တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။ မြို့ပေါ်/ ကျေးလက်များတွင် အလှူအတွက် သားသတ်လျှင် ခွင့်ပြုသားသတ်ကောင်ရေ၏ သားသတ်ခေါင်းခွန်ကို ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းစေပြီး သားသတ်ရက်အလိုက် တစ်ရက်သားသတ်လိုင်စင်ကြေး၏ (၅၀%) နှုန်းကို လိုင်စင်စီသို့ အလှူရှင်မှ ပေးဆောင်ရမည်။ သို့ရာတွင် အလှူ၊ သာရေး၊ နာရေး ကိစ္စအတွက် အသားပေါ်ထုတ်ရာတွင် ပိုလျှံသောအသားများကို ပြင်ပသို့ဝေငှာခြင်း၊ ရောင်ချခြင်းတွေ့ရှိပါက ဥပဒေအရ စစ်ဆေးသိမ်းဆည်း အရေးယူနိုင်သည်။

(ဗ) အထက်ပါ စည်းကမ်းသတ်မှတ်ချက်များအပြင် တည်ဆဲစည်းကမ်းဥပဒေနှင့် အဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ ဖောက်ဖျက်ကျူးလွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ အခွင့်အရေးလိုင်စင်အား ပြန်လည်ရုတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်သည်။

(ဘ) သားသတ်လိုင်စင်များအနေဖြင့် အသားရောင်းလိုင်စင်ကြေးကို လိုင်စင်ကြေး၏ (၁%) သာ ပေးဆောင်ရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၃၆။ နယ်နိမိတ်သတ်မှတ်ချက်များ

(က) ထန်းတပင်အမဲဆိုင်နှင့် ထန်းတပင်ဝက်ဆိုင် လိုင်စင်အား ထန်းတပင်မြို့မဈေး အဖွဲ့မှ သတ်မှတ်ထားသော အသားဆိုင်ရောင်းချရမည်။

(ခ) ဇရပ်ကြီးဝက်ဆိုင်နှင့် ဇရပ်ကြီးအမဲဆိုင်လိုင်စင် နယ်နိမိတ်အား ဇရပ်ကြီးကျေးရွာ နှင့် မိုးကောင်းရွာနယ်စပ်ထိ၊

(ဂ) နတ်ရွာအမဲဆိုင်နှင့် နတ်ရွာဝက်လိုင်စင်နယ်နိမိတ်အား နတ်ရွာကျေးရွာ၊ နှစ်တန့် ကူးကျေးရွာထိ၊

(ဃ) ရွှေဈေးအမဲဆိုင်နှင့် ရွှေဈေးဝက်ဆိုင်လိုင်စင်နယ်နိမိတ်အား ရွှေဈေးကျေးရွာနှင့် ချောင်းဝအုပ်စုထိ၊

(င) ကင်မွန်းချုံအမဲနှင့် ကင်မွန်းချုံဝက်လိုင်စင်နယ်နိမိတ်အား ကင်မွန်းချုံကျေးရွာအုပ်စု၊

(စ) သရက်တန်းဝက်ဆိုင်လိုင်စင်နယ်နိမိတ်အား ကြို့ပင်သာ၊ ဘုမ္မတီး၊ သရက်တန်း၊ ဂွအိုင် ကျေးရွာ၊

(ဆ) လှည်းလမ်းကူးဝက်ဆိုင်လိုင်စင်နယ်နိမိတ်အား လှည်းလမ်းကူး၊ ဂွအိုင်ရွာအထိ။

၃၇။ သားသတ်လိုင်စင်ရရှိသူသည် အဖွဲ့မှသတ်မှတ်ထားရှိသည့် သားသတ်ရုံမြေနေရာတွင်သာ အဖွဲ့၏ ကြီးကြပ်မှုဖြင့် သားသတ်လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃၈။ အဖွဲ့ပိုင်သားသတ်ရုံနေရာမရှိသော လိုင်စင်စီများအနေဖြင့် သတ်မှတ်ထားရှိသည့် စည်းကမ်းချက် များနှင့် ညီညွတ်သည့် သားသတ်ရုံမြေပိုင်ဆိုင်သူကိုသာ အဖွဲ့မှ ရွေးချယ်သွားမည်ဖြစ်ပါသည်။ သားသတ် ရုံ မြေနေရာနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူ ခြင်းခံရမည် ဖြစ်ကြောင်းကို သိရှိကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်ဖြစ်သည်။

၃၉။ ယှဉ်ပြိုင်ရောင်းချခြင်းမရှိသော သားသတ်လိုင်စင်အား တစ်ဦးတည်းလျှောက်ထားလာပါက လျှောက်ထားသည့် လိုင်စင်စီအနေ့ဖြင့်ရောင်းချမည့် အသားဈေးနှုန်းအဆိုပြုချက် တင်ပြဆောင်ရွက်ရ မည်။

၄၀။ အမဲသားသတ်ကောင်ရေနည်းပြီး ခုံခွဲလျှောက်ထားသူများပါက အမဲသားသတ်ကောင်ရေ သတ် မှတ်ချက်အရ ဖြစ်သင့်သော ခုံခွဲအရေအတွက်ကိုသာ ခွင့်ပြုရမည်ဖြစ်သည့်အတွက် လိုင်စင်စီအနေဖြင့် ဈေးနှုန်းအဆိုပြုချက်ဖြင့် တင်ပြရမည်ဖြစ်ပြီး အသားရောင်းချမည့် ဈေးနှုန်းအနည်းဆုံးအဆိုပြုသူနှင့် သတ်မှတ်စည်းကမ်း ညီညွတ်သူကိုသာ ခုံခွဲသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်စေရမည်။

၄၁။ အသားဆိုင်များတွင် ရောင်းချမည့် အသားဈေးနှုန်းဖော်ပြသည့် (၄' x ၃') ဗီနိုင်းဆိုင်းဘုတ်ကို အစိမ်းရောင်အောက်ခံတွင် အဖြူရောင်စာလုံးဖြင့်ရေးသား၍ အများပြည်သူသိရှိနိုင်ရန် လိုင်စင်ဆွဲဝယ်ရရှိ သူမှ မိမိစနစ်ဖြင့် အသားဝယ်ယူသူမြင်သာသည့် ရောင်းချမည့် အသားဆိုင်တွင် စိုက်ထူချိတ်ဆွဲထားရှိရ မည်။ ထိုသို့ စိုက်ထူချိတ်ဆွဲထားသည့် ဓါတ်ပုံမှတ်တမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ၂၀၂၃ -၂၀၂၄ ခု ဘဏ္ဍာရေးနှစ် နှစ်စ (၇. ၄. ၂၀၂၃) ရက်နေ့

ထက် နောက်မကျစေဘဲ ပေးပို့တင်ပြရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ဈေးကောက်လိုင်စင်စည်းကမ်းချက်များ

၄၂။ ဈေးကောက်ဆိုင်လိုင်စင်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) နေ့စဉ်ဈေးကောက်များကို အဖွဲ့မှ အခါအားလျော်စွာသတ်မှတ်ထားသော ဈေးကောက်နှုန်းထားအတိုင်း ကောက်ခံရမည်။ ပိုမိုကောက်ခံခြင်းမပြုရ သက်ဆိုင်ရာဈေးသည်များမှ တိုင်ကြား၍ မှန်ကန်ကြောင်း စီစစ်တွေ့ရှိရပါက လိုင်စင်အား ပြန်လည်ရုပ်သိမ်းမည်။

(ခ) ထန်းတပင်မြို့မဈေး၊ ဇရပ်ကြီးဈေး၊ ကင်မွန်းချုံဈေး၊ နတ်ရွာဈေး တို့၏ ဈေးအတွင်းနှင့် ဈေးပတ်လည်ဧရိယာအတွင်း ရောင်းချနေသဖြင့် ပုံကျဈေးသည်များကိုသာ ဈေးကောက်ကောက်ခံခွင့် ရှိသည်။

(ဂ) ဈေးများတွင် ဗျက်ထိုးရောင်းချသောဈေးသည်များ ဟင်းသီးဟင်းရွက်သည်များ အသားငါး ရောင်းချသည့်ဈေးသည်များနှင့် အဖွဲ့၏ အခွန်ထမ်းမဟုတ်သော အခြားကုန် ပစ္စည်းများကိုသာ ကောက်ခံရမည်။ ဆိုင်ခန်းပေါ်ရောင်းချသူများအား ဆိုင်ခွန်ထမ်း သတ်မှတ်ပြီးပါက ကောက်ခံခြင်းမပြုရ၊

(ဃ) အသားဆိုင်များအဖြစ် လေလံရောင်းချထားသော အမဲသားဆိုင်နှင့် ဝက်သားဆိုင်များအားနေ့စဉ် ဈေးကောက် ကောက်ခံခြင်းမရှိပါ၊

(င) အဖွဲ့မှ လစဉ် ဆိုင်ခွန်နှုန်းထားများဖြင့် သတ်မှတ်ထားသော ဆိုင်များအားနေ့စဉ်ဈေးကောက် ကောက်ခံခွင့် မရှိပါ၊

(စ) လိုင်စင်ချထားခြင်းခံထားသူသည် ဈေးကောက်များ၏ အမည်ကိုဖော်ပြထားသော ဈေးကောက် ပြေစာများကို သက်ဆိုင်ရာဈေးအလိုက် မိမိစရိတ်ဖြင့် ရိုက်နှိပ်သုံးစွဲရမည်၊

(ဆ) ဈေးကောက်လိုင်စင်ရရှိသူသည် မိမိလိုင်စင်ဆွဲဝယ်ရရှိထားသည့် ဈေးဧရိယာသတ်မှတ်ထားသော နယ်နိမိတ်ထက်ကျော်လွန်ကောက်ခံခွင့် မရှိပါ၊

(ဇ) လိုင်စင်ရရှိသူမှ တာဝန်ပေးအပ်ခန့်ထားသော ဈေးကောက်များသည် ဈေးသည်များနှင့် ပြောဆိုဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့ရမည်။ ဈေးကောက်ပေးဆောင်သည့် ဈေးသည်များ၏ ပစ္စည်းများကို သိမ်းဆည်းခြင်း လွှင့်ပစ်ခြင်း၊ ခြေဖြင့်ကန်ကျောက်ခြင်း စသည့် မဖွယ်မရာအပြုအမူများကို မပြုလုပ်စေရန် တာဝန်ယူရမည်၊

(ဈ) ဈေးကောက်ပေးဆောင်ရန် ပျက်ကွက်သော ဈေးသည်များရှိပါက ကြီးကြပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဈေးတာဝန်ခံများအား တင်ပြတိုင်ကြားနိုင်သည်၊

(ည) ဈေးကောက် ကောက်ခံရန်သတ်မှတ်ထားသော ကုန်ပစ္စည်းများစာရင်းတွင်းမပါရှိသော စာရင်းဖြစ်ပါက အလားတူသတ်မှတ်ထားသော ကုန်ပစ္စည်းများ၏ ဈေးကောက်နှုန်းထားဖြင့် ကောက်ခံခွင့်ရှိသည်၊

(ဋ) ဈေးကောက်ပေးဆောင်ပြီးကြောင်း ဈေးကောက်ဖြတ်ပိုင်းကို မတင်ပြနိုင်ပါက ဈေးကောက် ကောက်ခံခွင့်ရှိသည်၊

ဈေးကောက်နှုန်းထားများ

| | | |
|---|---|---|
| (၁) | ၆ ပေ x ၄ ပေ နံရံကပ် ဆိုင်ခန်းတစ်ခန်း | ၂၀၀ိ/– |
| (၂) | ဟင်းသီးဟင်းရွက် (တောင်း ၊ ဗျက် ၊ ဗန်း) | ၁၅၀ိ/– |
| (၃) | စိုက်ပျိုးသီးနှံ အနည်းအများအလိုက် ဗျက်ထိုးရောင်းခြင်း | ၁၅၀ိ/– |

| | | |
|---|---|---|
| (၄) | လူသုံးကုန်ပစ္စည်း (ပန်းကန်၊ နို့ဆီ၊ သကြား၊ ဆပ်ပြာ) | ၁၅၀/- |
| (၅) | စားသောက်ကုန် (မုန့်ဟင်းခါး၊ ထမင်းသုပ်၊ ပလာတာ၊ ကွမ်းယာ၊ အသုတ်စုံ၊ အုန်းနို့ခေါက်ဆွဲ) ရောင်းချခြင်း | ၁၅၀/- |
| (၆) | ချိန်ခွင်တစ်လက်ဖြင့် ငါးသည် | ၁၅၀/- |
| (၇) | ၃ ပေ x ၂ ပေ ဗျက်ထိုးရောင်းခြင်း | ၁၅၀/- |
| (၈) | မုန့်၊ ပဲ၊ သရေစာ (တောင်း၊ ဗျက်) | ၁၅၀/- |
| (၉) | ရာသီကုန်စုံပုံရောင်းချခြင်း | ၁၅၀/- |

၄၃။ အသားဆိုင်များတွင် ရောင်းချမည့် အသားဈေးနှုန်းဖော်ပြသည့် (၄' x ၃') ဗီနိုင်းဆိုင်းဘုတ်ကို အစိမ်းရောင် အောက်ခံတွင် အဖြူရောင်စာလုံးဖြင့် ရေးသား၍ အများပြည်သူသိရှိနိုင်ရန် လိုင်စင်ဆွဲဝယ်ရရှိသူမှ မိမိစနစ်ဖြင့် အများမြင်သာသည့်နေရာတွင် စိုက်ထူချိတ်ဆွဲထားရှိရမည်။ ထိုသို့ စိုက်ထူချိတ်ဆွဲထားသည့် ဓါတ်ပုံမှတ်တမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ၂၀၂၃ -၂၀၂၄ ခု ဘဏ္ဍာရေးနှစ် နှစ်စ (၇.၄.၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့တင်ပြရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မြို့နယ်ဝင်ကြေးကောက်လိုင်စင်စည်းကမ်းချက်များ

၄၄။ မြို့နယ်ဝင်ကြေးကောက်လိုင်စင်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မြို့နယ်ပြင်ပမှဝင်ရောက်လာသော ဘီးတပ်ယာဉ်များ မြို့နယ်အတွင်း ရပ်နားပါက တစ်ရက်အတွက် အောက်ပါဈေးနှုန်းများအတိုင်း ကောက်ခံရမည် –

| | | |
|---|---|---|
| (၁) | (၁)တန်အောက်ယာဉ်များ | ၁၀၀ိ/– |
| (၂) | (၁)တန်မှ (၃)တန်အထက် | ၂၀၀ိ/– |
| (၃) | (၃)တန်အထက်မှ (၅)တန်အထိ | ၃၀၀ိ/– |
| (၄) | (၅)တန်အထက်မှ (၁၀)တန်အထိ | ၅၀၀ိ/– |
| (၅) | (၁၀)တန်အထက်မှ (၁၅)တန်အထိ | ၇၀၀ိ/– |
| (၆) | (၁၅)တန်အထက် ယာဉ်များ | ၁၀၀၀ိ/– |

(ခ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်ရရှိသူသည် ထန်းတပင်မြို့နယ် နယ်နိမိတ်အတွင်းရှိ နှစ်စဉ်ကားဘီးခွန်ပေးဆောင်ထားသည့် မော်တော်ယာဉ်မှအပ နယ်နိမိတ်ပြင်ပမှ ဝင်ရောက်လာသည့် ယာဉ်များကိုသာ မြို့နယ်ဝင်ကြေးခွန် ကောက်ခံရမည်၊

(ဂ) နိုင်ငံတော်အာဏာပိုင်အဖွဲ့ ဝန်ထမ်းအဖွဲ့အစည်းများပိုင် မော်တော်ယာဉ်များ မီးသတ်ယာဉ်များနှင့် အဖွဲ့၏ ဆုံးဖြတ်ချက်အရ အထူးခွင့်ပြုထားသောယာဉ်များအား ရပ်နားခွန်ကောက်ခံခြင်း မပြုရ၊

(ဃ) မြို့နယ်ဝင်ကြေးကောက်ခံခြင်းကို ပြေစာဖြတ်ပိုင်းဖြင့် ကောက်ခံရမည်။ ပြေစာဖြတ်ပိုင်းပြသ နိုင်ခြင်းမရှိသော ဘီးတပ်ယာဉ်များအား ရပ်နားခွန် ကောက်ခံနိုင်သည်၊

(င) မြို့နယ်ဝင်ကြေးခွန်ပေးဆောင်ရန် ပျက်ကွက်သောယာဉ်များ တွေ့ရှိပါက မြို့နယ်စည်ပင်သာ ယာရေးအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့မှ အနီးဆုံးစည်းကမ်းထိန်းသိမ်းရေးထံ သတင်း ပို့ရမည်၊

(စ) မြို့နယ်ဝင်ကြေးကောက်အား ထန်းတပင် – မြင်းစုကူးတို့ အဝင်နှင့် ဒိုးသောင်တံတားအဝင်တွင် သာ ကောက်ခံခွင့်ရှိသည်။ စစ်တောင်းတံတားအမှတ် (၃) ပြီးစီးပါက ဂိတ်ဖွင့်၍ ကောက် ခံခွင့် ရှိသည်၊

(ဆ) မြို့နယ်ဝင်ကြေးကောက်အတွက် ကောက်ခံအောင်ရွက်ရမည့် ပြေစာနမူနာအား ဤအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်တင်ပြရယူ၍ ခွင့်ပြုသည့်ပုံစံနှင့် သတ်မှတ်ပေးထားသည့် နှုန်းထား အတိုင်းသာ ကောက်ခံဆောင်ရွက်ရမည်၊

(ဇ) မြို့နယ်ဝင်ကြေးကောက် ကောက်ခံပြီးဖြစ်၍ မြို့နယ်အတွင်းရပ်နားထားသော မော်တော်ယာဉ်များအား ရပ်နားခွန်ကောက်ခံခွင့်မရှိပါ။ ရပ်နားခွန်ကောက်ခံကြောင်းတွေ့ရှိပါက ထိရောက်စွာ အရေးယူခြင်းခံရမည်၊

(ဈ) လိုင်စင်ဆွဲဝယ်ရရှိသူသည် စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပြန်ထားသော စည်းကမ်းဥပဒေ (By Laws) ပါအချက်အလက်များ အဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ည) ပြင်ပမှဝင်ရောက်လာသော မော်တော်ယာဉ်အား တစ်ရပ်အတွက် ဘီးကောက်ပေးပြီး ပြေစာရှိသူသည် ထိုနေ့သန်ခေါင်အချိန်မှ နောက်တစ်နေ့သန်ခေါင်အချိန်ထိ (၂၄) နာရီအချိန်အတွင်း မိမိအလိုရှိသလို မြို့တွင်းသို့သွားလာခွင့်ရှိသည်။ မြို့တွင်းမှ ထွက်ခွာသည့်အခါ မကောက်ခံရ၊

(ဍ) အဖွဲ့မှသတ်မှတ်ပေးထားသော နံပါတ်ပြား နှုန်းထားများကို ဆိုင်းဘုတ်အရွယ်အစားအတိုင်း ထင်သာမြင်သာအောင် ချိတ်ဆွဲစိုက်ထူထားရှိရမည်၊

(ဎ) လုပ်ငန်းကိုတစ်ဆင့် ပြန်လည်ရောင်းချခြင်းမပြုရ၊ စစ်ဆေးတွေ့ရှိပါက လိုင်စင်ရုတ်သိမ်းခြင်း ခံရမည်၊

(ဏ) မြို့နယ်ဝင်ကြေးနေ့စဉ်ဘီးကောက် နှုန်းထားများအား သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံခြင်းမပြုရ။ လိုက်နာရန်ပျက်ကွက်ပါက လေလံစည်းကမ်းနှင့်အညီ အရေးယူခြင်းခံရ မည်၊

(တ) မြို့နယ်ဝင်ကြေးနေ့စဉ်ဘီးကောက် လိုင်စင်ရရှိသူသည် အဖွဲ့မှ သတ်မှတ်ပေးသည့် နေရာတွင်သာ ကောက်ခံခွင့်ရှိပြီး မြို့တွင်းနေရာများတွင် ဂိတ်ဖွင့်ကောက်ခံခွင့်မရှိပါ။ ညအိပ်ရပ်နားသော မော်တော်ယာဉ်များအား ကားညအိပ်ခွန် လိုက်လံကောက်ခံခွင့် မရှိပါ။

(ထ) အထက်ပါစည်းကမ်းသတ်မှတ်ချက်များအပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကူးတို့လိုင်စင်စည်းကမ်းချက်များ

၁။ ကူးတို့လိုင်စင်ရရှိသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) ကူးတို့လိုင်စင်ရရှိသူသည် သက်ဆိုင်ရာကူးတို့များ၏ သတ်မှတ်နယ်နိမိတ်အတွင်းသာ ကူးတို့လုပ်ငန်းများကိုသာ လုပ်ပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေနှင့်အညီ ကူးတို့နယ်နိမိတ်ကိုလိုအပ်၍ ပြင်ဆင်သတ်မှတ်ပါက ထိုသို့ပြင်ဆင် သတ်မှတ်သည့် အတွင်းသာ ကူးတို့လုပ်ငန်းကို လုပ်ပိုင်ခွင့်ရှိသည်၊

(ဂ) သတ်မှတ်ထားသော ကူးတို့လမ်းကြောင်းအတိုင်းသာ ကူးတို့ယာဉ်များပြေးဆွဲရန် စီမံဆောင်ရွက်ရမည်၊

(ဃ) အဖွဲ့မှကူးတို့ လုပ်ငန်းတစ်ခုချင်းအလိုက် အမိန့်ကြော်ငြာစာအဖြစ်သတ်မှတ်ထားသော ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခနှုန်းထားအတိုင်းသာ ကောက်ခွင့်ရှိသည်၊

(င) ဌာနဆိုင်ရာတာဝန်ဖြင့် သွားလာရသည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များနှင့် ယင်းတို့နှင့်အတူပါရှိသည့် လူ၊ တိရစ္ဆာန်၊ ယာဉ်များနှင့်ကုန်ပစ္စည်းများအပေါ် ကူးတို့ကူးသန်းခကောက်ခံခွင့်မရှိပါ

(၁) ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသန္တရ အာဏာပိုင်အဖွဲ့များ၊ သာသနာ့ ဝန်ထမ်းများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် ယာဉ်များပစ္စည်းများ၊

(၂) အကျဉ်းသားများနှင့် ရဲအဖွဲ့မှ ဖမ်းဆီးထားသော တိရစ္ဆာန်နှင့်အခြားပစ္စည်းများ၊

(၃) ဌာနဆိုင်ရာအခွန်ငွေများနှင့် ယင်းအခွန်ငွေများကို သယ်ဆောင်လာသည့် ပုဂ္ဂိုလ်များ၊

(၄) စည်ပင်သာယာရေးအဖွဲ့မှ ဥပဒေပုဒ်မ (၂၇) အရ အဖွဲ့က သတ်မှတ်ပေးသည့် အခြား ပုဂ္ဂိုလ်များ၊

(စ) ကူးတို့လုပ်ငန်းလုပ်ကိုင်သူသည် ယာယီတံတားများဆောက်လုပ်လိုပါက ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ထောက်ခံချက်ရယူပြီးမှ ဆောင်ရွက်သွားရမည် ဖြစ်သည်။ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိပါက (၃) နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် (၅၀၀၀၀/-) ထက် မပိုသော ငွေဒဏ်ကြေးဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်၊

(ဆ) စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ (၃၀)အရ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကူးတို့လိုင်စင်အုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်၊

(ဇ) စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ (၃၁) အရ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန် မသင့်လျော်သော ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ကူးတို့လိုင်စင်အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်၊

(ဈ) ကူးတို့လိုင်စင်ရရှိသူသည် ကူးတို့လုပ်ငန်းသယ်ယူခ နှုန်းထားများကို ကူးတို့ဆိပ် အတက်/အဆင်း အများမြင်သာသော နေရာများတွင် ချိတ်ဆွဲရမည်၊

(ည) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အများပြည်သူများ လုံခြုံစွာဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ သက်သာစွာသွားလာနိုင်ရေး ကူးတို့ဆိပ်ခံလမ်းနှင့် အတက်/အဆင်း လမ်းကြောင်းကို ရာသီဥတု မရွေးသွားလာမှု လွယ်ကူစေရန် စီမံပြုလုပ်ပြင်ဆင်ထိန်းသိမ်းရမည်၊

(ဋ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ရေကြောင်းကျွမ်းကျင်သော ကူးတို့ရေယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို စီစစ်ရွေးချယ်ခန့်ထားဆောင်ရွက်ရမည်၊

(ဌ) ကူးတို့ရေယာဉ်တာဝန်ထမ်းဆောင်သည့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များသည် အများပြည်သူနှင့် ဆက်ဆံရေးပြေပြစ်ရမည်၊

(ဍ) နေ့အချိန်မှအပ ညအချိန်ဖြတ်သန်းချိန်တွင် အသုံးပြုရန်အတွက် မီးအိမ်လက်နှိပ်ဓါတ်မီးနှင့် ခရီးသည်များ လုံခြုံဘေးကင်းစွာ စီးနင်းလိုက်ပါနိုင်ရန် ကူးတို့ဆိပ်ကမ်း အတက်/အဆင်း များတွင် လုံခြုံရေးမီးများ ထွန်းထားရမည်။ ညအချိန် ယာဉ်တိုက်မှုများ ကာကွယ်ရန် မီးထွန်း၍ ရောင်ပြန်တပ်ဆင်မှုများ ပြုလုပ်ထားရမည်၊

(ဎ) ကူးတို့လိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်ပေါ်တွင် သတ်မှတ်ထားသည့် လူအရေအတွက်နှင့် ကုန်ပစ္စည်း ကုန်ချိန်ထက် ပိုမို၍ အဆမတန်တင်ဆောင်ခြင်းမပြုရ၊

(ဏ) ကူးတို့ရေယာဉ်ပေါ်တွင် ခွင့်ပြုချက်မရရှိသော ကျွဲ/နွား၊ ဝက် အစရှိသည့် တိရိစ္ဆာန်များအား တင်ဆောင်ဖြတ်ကူးခြင်းမပြုရ၊

(တ) ကူးတို့လိုင်စင်ရရှိသူသည် အဖွဲ့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မိမိရရှိထားသော လုပ်ငန်းကို တစ်ဆင့်ငှားရမ်းခြင်း လွှဲပြောင်းပေးခြင်းမပြုရ၊

(ထ) သာမန်အားဖြင့် သတ်မှတ်ထားသော ကူးတို့ကူးသန်းခ ပေးဆောင်သူများအား နှောင့်နှေးကြန့်ကြာမှု မရှိစေရန် ဆောင်ရွက်ရမည်။ သို့သော် အောက်ပါအခြေအနေများ၌ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ပို့ဆောင်ပေးရန် ငြင်းဆိုခွင့်ရှိသည် -

(၁) အခေါက်အရေအတွက် ပြည့်သဖြင့်လည်းကောင်း၊ အချိန်နာရီသတ်မှတ်ချက်ကျော်လွန်သဖြင့်လည်းကောင်း ရေယာဉ်ချို့ယွင်းချက်ရှိသဖြင့်လည်းကောင်း

(၂) မူးရစ်သောက်စားထားသဖြင့် ရေယာဉ်နှင့်တကွ အခြားခရီးသွားဖော်များ အန္တရာယ် ရှိနိုင်သဖြင့်လည်းကောင်း

(၃) ဝရမ်းပြေးဟု ယုံကြည်ရသူဖြစ်သဖြင့်လည်းကောင်း

(၄) ကူးစက်ရောဂါဖြစ်ပွားလာသူ ဖြစ်သဖြင့်လည်းကောင်း

(၅) ခိုးဝှက်လာသူဟု ယုံကြည်ရသော တိရိစ္ဆာန်နှင့် ပစ္စည်းဖြစ်သဖြင့် လည်းကောင်း

(ဒ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ခရီးသည်နားနေရန် အဆောက်အအုံကို အဖွဲ့မှ သတ်မှတ် ပေးထားသည့် အတိုင်း ဆောက်လုပ်ရမည်၊

(ဓ) ကူးတို့နယ်နိမိတ်အတွင်း ဝင်ရောက်ဆိုက်ကပ်ရပ်နားထားသော အခြားရေယာဉ်များအား ဆိုက်ကပ်ခြင်းကို အဖွဲ့မှသတ်မှတ်ပေးရမည်၊

(န) ကူးတို့လုပ်ငန်းကြီးကြပ်သူနှင့် အုပ်ချုပ်သူက သတ်မှတ်ပေးသော ကူးတို့ရေယာဉ်အမျိုးအစား အရေအတွက် ရေယာဉ်အရွယ်အစားနှင့် ရေယာဉ်တစ်စီးချင်းတွင် ပါ ဝင်ရမည့် ခရီးသည် ဦးရေနှင့် ရေယာဉ်လုပ်သားဦးရေအတိုင်း ဆောင်ရွက်ရမည်၊

(ပ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်တိုင်းတွင် အမှတ်အသားပြုလုပ်ရန် (သို့) အလံတပ်ဆင်ထားရန်နှင့် ကူးတို့ရေယာဉ်ပေါ်တွင် ကြော်ငြာဆိုင်းဘုတ်များ ထားရှိ၍ အများဆုံး တင်ဆောင်နိုင်သော ခရီးသည်ဦးရေနှင့် တိရိစ္ဆာန်ဦးရေ အများဆုံး တင်ဆောင်နိုင်သည့် ကုန်ပစ္စည်း အလေးချိန်တို့ကို ရေးမှတ်ထားရမည်၊

(ဖ) ကူးတို့ရေယာဉ်နှင့် ရေယာဉ်ပေါ်တွင် တပ်ဆင်ထားသော ပစ္စည်းကိရိယာများကို စစ်ဆေးရေး အဖွဲ့နှင့် အမှုဆောင်အရာရှိမှ တာဝန်ပေးအပ်သူက စစ်ဆေးခြင်းကို ခံရမည်၊

(ဗ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်များအား ခိုင်မာတောင့်တင်းစေရန် ရေလုံစေရန်နှင့် ကောင်းမွန်သောစက်ကိရိယာများ အသုံးပြုရန်တို့ကို တာဝန်ယူရမည်။ ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနမှ စစ်ဆေးလာပါက စစ်ဆေးချက်ခံနိုင်သော ရေယာဉ်များ ဖြစ်စေရန် စီမံထားရမည်၊

(ဘ) ကူးတို့လှေများတွင် အသက်ကယ်အင်္ကျီ (Life Jacket) များကို ကူးတို့လှေတွင် စီးနင်းလိုက်ပါသူများအားလုံး ဝတ်ဆင်နိုင်ရေး ကူးတို့လှေများတွင် မဖြစ်မနေ ဆောင်ထားရမည်၊

(မ) ကူးတို့လုပ်ငန်းလိုင်စင်ဆွဲဝယ်ရရှိသူသည် ရေနည်းပါးသောအချိန်တွင် ယာယီတံတား တည်ဆောက်လိုပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသအာဏာပိုင် အဖွဲ့အဆင့်ဆင့်၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်၊

ကူးတို့ကောက်/ ဘီးတပ်ယာဉ်နှင့် အခွန်ကောက်ခံသည့် နှုန်းထားများ –

| | | |
|---|---|---|
| (၁) | ကားလတ် (၃)တန် အထက် တစ်စီးလျှင် | ၇၀၀ိ/– |
| (၂) | ကားငယ် (၂) တန် အထက် တစ်စီးလျှင် | ၅၀၀ိ/– |
| (၃) | နွားလှည်းတစ်စီးလျှင် | ၅၀၀ိ/– |
| (၄) | မော်တော်ဆိုင်ကယ်တစ်စီးလျှင် | ၂၀၀ိ/– |
| (၅) | သုံးဘီးမော်တော်ဆိုင်ကယ်တစ်စီးလျှင် | ၅၀၀ိ/– |
| (၆) | လူကြီးတစ်ယောက် | ၁၀၀ိ/– |
| (၇) | စက်ဘီးနှင့် လူ | ၁၀၀ိ/– |

(ယ) ကူးတို့လုပ်ငန်းလိုင်စင် ဆွဲဝယ်ရရှိသူအနေဖြင့် ကူးတို့လုပ်ငန်းအား ခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် လုပ်ငန်းရပ်ဆိုင်းရပါက အမှန်တကယ်လုပ် ကိုင်ခဲ့သည့် ကာလတစ်ခု အတွက် ကျသင့် သည့် အခွန်အားပေးဆောင်ရမည်ဖြစ်သည်။

(ရ) (၁) နွေရာသီ ရေခန်းခြောက်သည့်အချိန် ယာယီမြစ်ကူး / ချောင်းကူးတံတား တည်ဆောက်မှုအား ပဲခူးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တည်ဆောက်မည့် တံတားအရေအတွက်ကို တိကျစွာဖော်ပြ၍ တစ်လကြိုတင် တင်ပြ၍ အဖွဲ့မှ ခွင့်ပြုချိန်မှသာ တံတားဆောက်လုပ်ခြင်းလုပ်ငန်းအား တည်ဆောက်ရန်နှင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပါက ချက်ချင်းဖြုတ်သိမ်းရန်၊

(၂) ယာယီမြစ်ကူး / ချောင်းကူးတံတားများ တည်ဆောက်ပြီးစီးပါက လုံခြုံရေးကိစ္စ အထူးဂရုပြု ဆောင်ရွက်ရန်နှင့် ထူးခြားဖြစ်စဉ်များရှိပါက ချက်ချင်းသတင်းပို့ရန်၊
(၃) ဥပဒေနှင့်မညီသော အဖွဲ့အစည်းများနှင့် မပတ်သက်ရန်၊
(၄) အဖွဲ့မှသတ်မှတ်ထားသည့် နံနက်(၆:၀၀) နာရီတွင်ဖွင့်လှစ်၍ ညနေ(၆:၀၀) နာရီ တွင် ကူးတို့များပိတ်ရန်၊
(၅) တံတားပိတ်သိမ်းချိန်၌ ကူးတို့ဖြတ်သန်းသွားလာစဉ်အသုံးပြုသော စက်တပ်လှေ၊ လက်လှော်လှေများအား သက်ဆိုင်ရာ အန္တရာယ်ကင်းသည့် ကမ်းတွင်သာ သိမ်း ဆည်း ထားရှိရန်၊
(၆) မသင်္ကာဖွယ်ရာအကြောင်းကိစ္စတစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ် ရေးမှူး၊ နီးစပ်ရာတပ်စခန်းများနှင့် အဖွဲ့သို့သတင်းပေးပို့ဆောင်ရွက်ရန်၊
(၇) လုံခြုံရေးအရတံတားများတွင် ဂိတ်ပိတ်တံခါး (သို့မဟုတ်) ဘယ်ရီဂိတ်များ ပြု လုပ်ဆောင်ရွက်ထားရှိရန်၊
(၈) တံတားများအလိုက် တာဝန်ပေးအပ်ထားရှိသော အလုပ်သမားများအား အမည် စာရင်းနှင့် ကိုယ်ရေးရာဇဝင်တို့အား အဖွဲ့သို့ တင်ပြထားရှိရန်၊

(လ) ကူးတို့နယ်နိမိတ်များအား အောက်ပါအတိုင်းသတ်မှတ်သည် -

**(၁) ငါးဆီးလှောင်ကူးတို့နယ်နိမိတ်**

ငါးဆီးလှောင် ကူးတို့နယ်နိမိတ်အား ငါးဆီးလှောင်ကူးတို့မှအထက် ပိန်ကျော် အထိ(၃.၅) မိုင် ငါးဆီးလှောင်ကူးတို့မှ အောက်ဖက် သောင်ပုချောင်အထိ (၁) မိုင် အား ငါးဆီးလှောင်ကူးတို့နယ်နိမိတ်အဖြစ် သတ်မှတ်လိုက်သည်။ ၎င်းနယ်နိ မိတ်အတွင်းသာ ကူးတို့လုပ်ငန်းကို လုပ်ပိုင်ခွင့်ရှိသည်။

**(၂) ဇလုပ်ကြီးကူးတို့နယ်နိမိတ်**

ဇလုပ်ကြီးကူးတို့နယ်နိမိတ်အား ဇလုပ်ကြီးကူးတို့မှအထက် သောင်ပုချောင်အထိ (၁.၅) မိုင် ဇလုပ်ကြီးကူးတို့မှ အောက်ဖက် ဦးမြသောင်ကိုင်းအထိ (၁.၅) မိုင်အား ဇလုပ်ကြီးကူးတို့နယ်နိမိတ်အဖြစ် သတ်မှတ်လိုက်သည်။ ၎င်းနယ်နိမိတ်အတွင်း သာ ကူးတို့လုပ်ငန်းကို လုပ်ပိုင်ခွင့်ရှိသည်။

**(၃) ဘွားအေးစုကူးတို့နယ်နိမိတ်**

ဘွားအေးစုကူးတို့နယ်နိမိတ်အား ဘွားအေးစုကူးတို့မှအထက် ဦးမြသောင်ကိုင်း ကွက်အထိ (၁.၅) မိုင် ဘွားအေးစုကူးတို့မှအောက်ဖက် ပွဲသောင်ရွာဦးအထိ (၂) မိုင် ဘွားအေးစု ကူးတို့နယ်နိမိတ်အထိ သတ်မှတ်လိုက်သည်။ ၎င်းနယ်နိမိတ် အတွင်းသာ ကူးတို့လုပ်ငန်းကို လုပ်ပိုင်ခွင့်ရှိသည်။

၂။ ကူးတို့ကောက် / ဘီးတပ်ယာဉ်နှင့် အခွန်ကောက်ခံနှုန်းထား ဖော်ပြသည့် (၄' x ၃') ဗီနိုင်းဆိုင်းဘုတ်ကိုအစိမ်းရောင် အောက်ခံတွင် အဖြူရောင်စာလုံးဖြင့်ရေးသား၍ အများပြည်သူသိရှိနိုင်ရန် လိုင်စင်ဆွဲဝယ် ရရှိသူမှ မိမိစနစ်ဖြင့် အများမြင်သာသည့်နေရာတွင် စိုက်ထူချိတ်ဆွဲထားရှိရမည်။ ထိုသို့ စိုက်ထူချိတ်ဆွဲထားသည့်ဓါတ်ပုံမှတ်တမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့သို့ ၂၀၂၃ – ၂၀၂၄ ခု ဘဏ္ဍာရေးနှစ် နှစ်စ (၇. ၄. ၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့တင်ပြရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

အရေးယူခြင်း

၄၇။ အကြောင်းတစ်စုံတစ်ရာကြောင့် လိုင်စင်ကာလအတွင်း မိမိလုပ်ငန်းပျက်စီးဆုံးရှုံးမှုကြောင့် လိုင်စင်ငွေလျှော့ပေါ့ရန်သော် လည်းကောင်း ပြန်လည်အပ်နှံရန်သော်လည်းကောင်း လျှောက်ထားချက်ကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၄၈။ အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်မည့် မည်သည့်လုပ်ငန်းကိုမဆို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများလာရောက်စစ်ဆေးခြင်း၊ ကြီးကြပ်မှုများပြုလုပ်ပါက ပြေလည်စွာရှင်းလင်းပြောဆိုရန်တာဝန်ရှိသည်။ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၉။ အခွင့်အရေးလိုင်စင်များဆွဲဝယ်ရရှိသူများသည် အဆိုပါသတ်မှတ်ပေးထားသော နှုန်းထားများအတိုင်း လုံးဝမြင့်တင်ရေးမရှိစေရ သတ်မှတ်ထားသောနှုန်းထားများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဈေးနှုန်းပိုမိုမြင့်တက်ကြောင်းစစ်ဆေးတွေ့ရှိရလျှင်ဖြစ်စေ တစ်နည်းနည်းဖြင့် စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်အတွက် အာမခံငွေကို အဖွဲ့ရန်ပုံငွေအဖြစ်သိမ်းယူခြင်း လိုင်စင်လုပ်ငန်းလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူခြင်း လိုင်စင်စည်းကမ်းများလိုက်နာရန်ပျက်ကွက်သူစာရင်းတွင် ရေးသွင်း၍ လာမည့်နှစ်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အခွင့်အရေးလိုင်စင်များကို ဆွဲဝယ်ခွင့် ပြုမည်မဟုတ်ပါ။

၅၀။ အရပ်ရပ်အခွင့်အရေးလိုင်စင်ကြော်ငြာတွင်ဖော်ပြထားသော စည်းကမ်းချက်တစ်စုံတစ်ရာသော်လည်းကောင်း၊ ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စည်းကမ်းချက်များနှင့် ညွှန်ကြားချက်အရပ်ရပ်သော်လည်းကောင်း၊ နောက်ထပ်လိုအပ်၍ ထုတ်ပြန်သော ညွှန်ကြားချက်များ အမိန့်စာများကိုသော်လည်းကောင်း လိုက်နာခြင်းမပြုဘဲ ဖောက်ဖျက်ပါက တင်သွင်းထားသော အာမခံငွေကို သိမ်းယူခြင်းခံရမည်။ (သို့) အာမခံငွေထက်မနည်းသော ဒဏ်ငွေတပ်ရိုက်ခြင်း ခံရမည်။ (သို့) ပေးသွင်းထားသော လိုင်စင်အခွန်ငွေများကို သိမ်းယူပြီးလျှင် အခွင့်အရေးလိုင်စင်များကို ဖျက်သိမ်းခြင်းခံရမည်။ အကယ်၍ လိုင်စင်ပြန်လည်သိမ်းယူပြီး အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချ၍ အရှုံးပေါ်လာပါက လိုအပ်သည့်ငွေအတွက် မူလဆွဲဝယ်သူက ပေးလျော်ရမည်။ အကယ်၍ အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချ၍ ပိုငွေအဖြစ် ဖြစ်ပေါ်လာပါ က အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူကို ထုတ်ပေးမည်မဟုတ်ဘဲ အဖွဲ့ရန်ပုံငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**( ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ )**

**ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လ၊ ၃၀ ရက်**

**အရပ်ရပ်အခွင့်အရေးလိုင်စင်ရောင်းချသည့် ကြော်ငြာစာအမှတ် ( ၆ / ၂၀၂၂)**

၁။ ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အရပ်ရပ်အခွင့်အရေးလိုင်စင်များအား ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက် (၂၀၂၃ ခု ဧပြီလ (၁) ရက်မှ ၂၀၂၄ ခု မတ်လ (၃၁) ရက်နေ့ အထိ (၁)နှစ်တာ ကာလ) အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင်များ အညီအမျှခွဲဝေရောင်းချခြင်း စနစ် / သက်တမ်းတိုးစနစ် / ဈေးပြိုင်စနစ် တို့ဖြင့် ရောင်းချခြင်းအား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည် -

| စဉ် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် အစီအစဉ် | အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့် နေ့ရက် / အချိန် | မှတ်ပုံတင်ရမည့် နောက်ဆုံး နေ့ရက် / အချိန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ပထမအကြိမ် | ၁၇-၁-၂၀၂၃ (အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၆-၁-၂၀၂၃ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၂ | ဒုတိယအကြိမ် | ၂၄-၁-၂၀၂၃ (အင်္ဂါနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၂၃-၁-၂၀၂၃ (တနင်္လာနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၃ | တတိယအကြိမ် | ၂-၂-၂၀၂၃ (ကြာသပတေးနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၄ | ချိတ်ပိတ်တင်ဒါ | ၉-၂-၂၀၂၃ (ကြာသပတေးနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၈-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)<br>ညနေ (၁၆:၀၀) နာရီ | |
| ၅ | အခြားနည်း | ၁၆-၂-၂၀၂၃ (ကြာသပတေးနေ့)<br>နံနက် (၁၀:၀၀) နာရီ | ၁၅-၂-၂၀၂၃ (ဗုဒ္ဓဟူးနေ့)<br>ညနေ (၁၆:၀၀) နာရီ | |

**ရောင်းချမည့်နေရာ** **ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး**

၂။ အရပ်ရပ်အခွင့်အရေးလိုင်စင်လျှောက်လွှာတင်သွင်းသူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာ ရမည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီးသူမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှုအခင်းနှင့် ပြဿနာကင်းရှင်းသူဖြစ်ရမည်။

(ဂ) အခွန်ကြွေးကျန်ကင်းရှင်းသူဖြစ်ရမည်။

၃။ အောက်ပါပုဂ္ဂိုလ်များ လိုင်စင်ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ

(က) အခွင့်အရေးလိုင်စင်နှင့် ပတ်သက်၍ နာမည်ပျက်စာရင်းဝင်သူများနှင့်၎င်းတို့၏ မိသားစုဝင် များ

(ခ) လိုင်စင်လျှောက်လွှာနှင့် အတူ တင်ပြရမည့် စာရွက်စာတမ်း အထောက်အထား တင်ပြ နိုင်ခြင်း မရှိသူများ၊

(ဂ) အထူးကိုယ်စားလှယ်လွှဲစာ (Special Power) ဖြင့် လွှဲအပ်တင်ပြ၍လူကိုယ်တိုင် လာရောက် ဆွဲဝယ်ခြင်းမပြုသူများ။

၄။ လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲတင်သွင်းရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အခွန်အခကင်းရှင်းကြောင်း ထောက်ခံချက်၊ လ ၁ ဝ က လူဦးရေ စာရင်းပုံစံ (၆၆/၆)၊ စားပွဲတင်အာမခံငွေပေးသွင်းထားသည့် အထောက်အထား၊ ငွေထုတ်ယူခွင့် အမိန့်(POP)၊ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ခ) အရှုပ်အရှင်းအပေါင်အနှံ ကင်းရှင်းသည့် သက်ဆိုင်ရာလိုင်စင် ကြမ်းခင်းဈေးတန်ဖိုးထက် လျော့နည်းခြင်း မရှိသော မရွှေ့ပြောင်းနိုင်သောပစ္စည်း (အဆောက်အဦ / အိမ် / မြေ) နှင့် စပ်လျဉ်း၍ ဥပဒေနှင့်အညီ ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ အိမ်/မြေ/ဂရန် အစရှိသည့် မူရင်းအထောက်အထားများ၊ အလား(၄)ဘက် ဓါတ်ပုံ(၄)ပုံ၊ စည်ပင်တန်ဘိုးဖြတ် အဖွဲ့၏ စိစစ်ထောက်ခံချက် (သို့မဟုတ်) ဆွဲဝယ်မည့်သူပိုင် ငွေစုလက်မှတ်မူရင်း၊ ငွေစုစာအုပ် မူရင်း၊ စသည့်စာရွက်စာတန်းအထောက်အထားများ၊

(ဂ) မြို့နယ်ပြင်ပမှဖြစ်ပါက အထက်ဖော်ပြပါ အထောက်အထားများအပြင် သက်ဆိုင်ရာမြို့နယ် စည်ပင်တန်ဘိုးဖြတ်အဖွဲ့၏ စိစစ်ထောက်ခံချက်အပေါ် သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ၏ ထပ်ဆင့်ထောက်ခံချက်၊

(ဃ) သက်တမ်းတိုးလိုင်စင် လုပ်ကိုင်ခွင့် ရရှိသူဖြစ်စေ၊ အညီအမျှ ခွဲဝေချထားပေးခြင်းစနစ်ဖြင့် ဆွဲဝယ်ရရှိသူဖြစ်စေ၊ ဈေးပြိုင်စနစ်ဖြင့် ဆွဲဝယ်ရရှိသူဖြစ်စေ၊ ကြမ်းခင်းဈေးပြည့်မီ ကျော်လွန် အောင်မြင်၍ အတည်ပြုချက်ရရှိပါက လိုင်စင်စည်းကမ်းများနှင့် အညီပေးသွင်းရန် သတ်မှတ် ထားသောလိုင်စင်တန်ဘိုး၏ ၅ပုံ ၁ပုံ သို့မဟုတ် လိုင်စင်တန်ဘိုး၏ ၂ပုံ ၁ပုံ (တိုင်းဒေသကြီးပြင်ပ) သို့မဟုတ် အကြေပေးသွင်းရန်သတ်မှတ်သည့် လိုင်စင်ကြေးငွေများ ကို သက်ဆိုင်ရာငွေစာရင်း ခေါင်းစဉ်အလိုက် အဖွဲ့ရန်ပုံငွေသို့ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်တွင် (၇.၄.၂၀၂၃) (သောကြာနေ့) နေ့နောက်ဆုံးထားပြီး မပျက်မကွက် ပေးသွင်းစေရမည်။ ပျက်ကွက်ပါက အာမခံ ၁၀ပုံ၁ပုံ ပေးသွင်းငွေအား အဖွဲ့ရန်ပုံငွေအဖြစ်သိမ်းယူပြီး လိုင်စင်ကြေး ပေးသွင်းရန်သိမ်းယူပြီး လိုင်စင် ကြေးပေးသွင်းရန် ပျက်ကွက်သူလိုင်စင်စီအား အမည်ပျက်စာရင်း (BlackList) ကြော်ငြာ ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ကျန်ငွေကို (၈)ရစ် အညီအမျှခွဲ၍ ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း အရစ်ကျခွဲ၍ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အလိုက် အဖွဲ့ရန်ပုံငွေသို့

ပေးသွင်းစေရမည်။ လိုင်စင်ကြေး အနည်းဆုံး ကျပ် (၂၀) သိန်းအောက်ဖြစ်ပါက အကြေပေးသွင်း ရမည်။

(င) ပဲခူးတိုင်းဒေသကြီးပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူသည် အတည်ပြုချက်ရရှိပါက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်စတွင် (၇.၄.၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ၎င်းလိုင်စင် တန်ဘိုး၏ (၅၀%) အား သက်ဆိုင်ရာငွေစာရင်း ခေါင်းစဉ်အောက်တွင် ပေးသွင်း၍ ကျန်လိုင်စင်ကြေး (၅၀%) ကို ၂၀၂၃ ခုနှစ် ဧပြီလ မှ ဇူလိုင်လအထိ (၄)ရစ်ခွဲ၍ ပေးသွင်း ဆောင်ရွက်ရမည်။

(စ) လုံလောက်သောအာမခံတင်သွင်းနိုင်ခြင်း မရှိပါက လိုင်စင်ကြေး အကြေပေးသွင်းရမည်။ အာမခံ လုံလောက်ခိုင်မာမှုမရှိပါက လိုင်စင်အားအတည်ပြုမည်မဟုတ်ပါ။

(ဆ) မည်သည့်ပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်း၊ ဝန်ထမ်းများကို မျှ တိုက်ရိုက် ရောင်းချ မည် မဟုတ်ပါ။

(ဇ) အရပ်ရပ်အခွင့်အရေးလိုင်စင်ဆွဲဝယ်သူများသည် အဖွဲ့မှသတ်မှတ်ထားသည့် လိုင်စင် ဆွဲဝယ် ခွင့် လျှောက်လွှာများကို တစ်စုံလျှင်(၁၅၀၀၀/-)နှုန်းဖြင့်ဝယ်ယူပြီး အထောက်အထား ပြည့်စုံ စွာဖြင့် ဖော်ပြပါ သတ်မှတ်ရက်အတိုင်း ရုံးချိန်အတွင်း နောက်ဆုံးထား၍ ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ လျှောက်ထားရမည်။

(ဈ) လိုင်စင်ဆွဲဝယ်ခွင့် လျှောက်ထားရာတွင် တစ်ဦးတည်းအမည်ဖြင့်သာ လျှောက်ထားရမည်။ လိုင်စင်ဆွဲဝယ်ရောင်းချရာတွင် ဆွဲဝယ်မည့်သူကိုယ်တိုင် လာရောက်ရမည်။ လိုင်စင်ဆွဲဝယ်ရရှိ ပါက လိုင်စင်ကြေးများကို လိုင်စင်ရရှိသူကိုယ်တိုင်ပေးသွင်းရမည်။

(ည) လျှောက်လွှာတင်သွင်းသည်နှင့် တစ်ပြိုင်နက်တည်း လုပ်ငန်းလိုင်စင်အလိုက် သတ်မှတ် ကြမ်းခင်း ဈေး၏ ၅၀%ဖြစ်သည့် စားပွဲတင်အာမခံငွေကို မိမိမြို့နယ်ရှိ မြန်မာ့စီးပွားရေး ဘဏ်မှ သတ်မှတ်သည့် အတိုင်းပေးသွင်း၍ ပေးသွင်းသည့် အထောက်အထားကို အဖွဲ့ရုံးသို့ အပ်နှံထား ရမည့်အပြင် ၎င်းငွေအတိုင်း အမှုဆောင်အရာရှိ၊ ထန်းတပင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့၊ ရာထူးအမည်ဖြင့် ရေးသားထားသော ငွေထုတ်ခွင့်အမိန့် (Payment Order/ Private)နှင့်အတူ ပူးတွဲတင်ပြရမည်။ အရပ်ရပ်အခွင့်အရေးလိုင်စင် အောင်မြင်ခြင်း မရှိသူများ၏ အပ်ငွေများကို လိုင်စင်ရောင်းချပွဲ ပြီးဆုံးပြီး(၁၀)ရက်အကြာမှ ပြန်လည် ထုတ်ပေးမည်ဖြစ်သည်။

(ဋ) လိုင်စင်ဆွဲဝယ်သူသည် ပြည်တွင်းအခွန်ဦးစီးဌာနမှ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း ထောက်ခံ ချက် ပါရှိမှသာလျှင် လိုင်စင်ဆွဲဝယ်ခွင့်ရရှိမည်ဖြစ်သည်။

၅။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့မှ သတ်မှတ် ပြဋ္ဌာန်းထားသော အရပ်ရပ်အခွင့်အရေး လိုင်စင် ရောင်းချမည့် ကြော်ငြာ၊ စည်းကမ်းချက်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ ရှိပါက ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ

(စံသိန်း၊ဦးစီးအရာရှိ)